မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၅၆) ၊ ၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ ၂၉-၁၁-၂၀၂၆၊ တနင်္ဂနွေနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအဓမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရုစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ခမ္မပဒ)

(၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီးအစည်းအဝေးကျင်းပ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဆွေးနွေး



နေပြည်တော် နိုဝင်ဘာ ၂၈ (၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီးအစည်းအဝေးကို ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Center၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဆွေးနွေးသည်။

စာမျက်နှာ ၃ သို့ ☆

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) အဖွဲ့ဝင်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များနှင့် အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ယနေ့ ဖတ်စရာ အညွှန်း

ဥရောပပြိုင်ပွဲ ငါးပွဲဆက် အနိုင်ရရှိသည့် ပထမဆုံး အင်္ဂလန်ကလပ်အသင်းအဖြစ် ဘုန်းဟောက်အသင်း မှတ်တမ်းဝင်

စာမျက်နှာ ၁၁

ဒီဇင်ဘာလအတွင်း မန္တလေးတွင် ညပိုင်းအအေး လျော့ကျ၍ မြူထူဆိုင်းမည်ရက် ၁၅ ရက်အထိရှိနိုင်

စာမျက်နှာ ၁၃

အိမ်ကြီးသခင် မေတ္တာရှင် (အတွေးအမြင်)

စာမျက်နှာ ၁၄

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၉၅၈၁ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ နိုဝင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၉၅၈၁ ဧက အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲ ဧက ၉၅၈၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ထောပတ်ပဲ စိုက်ပျိုးခြင်းကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၅၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ထောပတ်ပဲက ၉၅၈၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာတော့ ထောပတ်ပဲက ၉၅၈၁ အထိ စိုက်ပျိုးပြီးစီးသွားပြီဖြစ်လို့ လျာထားစိုက်ဧကကို ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လက်ရှိမှာ စိုက်ပျိုးပြီးစီးတဲ့ ထောပတ်ပဲစိုက်ခင်းတွေ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ စိုက်ပျိုးရေး သွင်းအားစုတွေ စနစ်တကျ သုံးစွဲနိုင်စေဖို့ တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲစိုက်ပျိုးတောင်သူများ အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေး၊ စိုက်ဧကများတိုးချဲ့စိုက်နိုင်ပျိုးရေး၊ သီးနှံအထွက်နှုန်းများ ကောင်းမွန်စေရေးအတွက် မျိုးကောင်းမျိုးသန့်များ၊ မြေမှန်မျိုးမှန် စိုက်နည်းစနစ်များ၊ ပိုးမွှားရောဂါကင်းရှင်းရေး ကာကွယ်ရေးနည်းလမ်းများ စသည့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မိုးမိုးဝေက ပြောပြသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါ က ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

(၄၄၅)

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၂၈

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပွလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပါသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။

မိုး/ ၈လ

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်၊ တနင်္ဂနွေနေ့။

ခရီးသွားလုပ်ငန်းကဏ္ဍ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးတို့ကို အထောက်အကူပြုစေမည့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အစိုးရ-ပုဂ္ဂလိကကဏ္ဍအကြား ဟန်ချက်ညီညီ လက်တွဲပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ကျင်းပသည့် ခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၂၆) ကြိမ်မြောက်အစည်းအဝေးကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၃)၌ ကျင်းပသည်။

ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက နိုင်ငံတကာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)၊ အာဆီယံ၊ မဟာမဲခေါင်ဒေသခွဲနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပြီး ၂၀၀၈ ခုနှစ်မှစ၍ အာဆီယံခရီးသွားလုပ်ငန်း စံနှုန်းဆု စုစုပေါင်း ၁၅၈ ဆုရရှိထားပြီးဖြစ်ရာ ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် -၂၀၂၇ တွင် ပေးအပ်ချီးမြှင့်မည့် အာဆီယံခရီးသွားလုပ်ငန်း စံနှုန်းဆု ၁၅ ဆုကို ရရှိနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးသွားလုပ်ငန်းများ ပါဝင်လျှောက်ထားကြရန် လိုအပ်ကြောင်း။

ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် မြန်မာ့ခရီးသွားလုပ်ငန်း သတင်းအချက်အလက်ဖြေကြားမှုစနစ်(Myanmar Tourism Call Center)ကို AI နည်းပညာနှင့်ပေါင်းစပ်ချိတ်ဆက်၍ အလိုအလျောက်တိကျစွာ ပြန်လည်ဖြေကြားနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုနှင့် ခရီးသွားဝန်ဆောင်မှုအားလုံးကို One-Stop Solution အဖြစ် စုစည်းပေးမည့် မြန်မာနိုင်ငံ ဘက်စုံခရီးသွားလုပ်ငန်းဆိုင်ရာ ဒီဂျစ်တယ်ပလက်ဖောင်း Myanmar Integrated Digital Tourism Platform (MIDTP) ရေးဆွဲအကောင်အထည်ဖော်နေမှုတို့တွင် ဒေသဆိုင်ရာ ကော်မတီများနှင့် ပုဂ္ဂလိကကဏ္ဍတစ်ရပ်လုံးက ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူးက ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် အမှာစာများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ ခရီးသွားဧည့်သည်ဝင်ရောက်မှုနှင့် လုပ်ငန်းလိုင်စင်ခွင့်ပြုထားရှိမှု၊ ခရီးစဉ်ဒေသသစ်များ ဖော်ထုတ်မြှင့်တင်မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ကဏ္ဍတစ်ရပ်ဖြစ်ရုံသာမက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSMEs)လုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်းနှင့် နိုင်ငံ၏ ရိုးရာအမွေအနှစ်များ၊ ယဉ်ကျေးမှုနှင့် သဘာဝအလှအပများကို နိုင်ငံတကာက သိရှိအောင် ဖြန့်ဝေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်သောကြောင့် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် အလွန်အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သည်။

ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရေး၊ ခရီးသွားဈေးကွက်မြှင့်တင်ရေး၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားစောင့်ရှောက်မြှင့်တင်ရေး။

★ နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

မိတ္တီလာမြို့နယ်အတွင်းရှိ ကျေးလက်လမ်းများဆောင်ရွက်နေမှုများအား ကွင်းဆင်းစစ်ဆေး

မိတ္တီလာ နိုဝင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ မိတ္တီလာခရိုင်၊ မိတ္တီလာမြို့နယ်၌ ၂၀၁၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်း အကျယ် ၂၄ ပေ ကတ္တရာလမ်းချဲ့ခြင်းနှင့် Platform ဆောင်ရွက်ခြင်း (၀/၄-၂၈)မိုင်နှင့် သာစည်လမ်းမှ ရွှေတောင်-ချောက်ပင်-ခင်လူး-မောက်လောက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း (၀/၄)မိုင် ဆောင်ရွက်နေမှုများအား သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းမြင့်အောင်၊ မိတ္တီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးသိန်းဝင်းနှင့်မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)တို့က ကွင်းဆင်းစစ်ဆေးခဲ့ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား ရှင်းလင်းတင်ပြခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းများ အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ အဆိုပါလမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အကျိုးပြုကျေးရွာ ၁၇ ရွာ၊ အိမ်ခြေ ၂၄၃၀ အိမ်၊ လူဦးရေ ၁၂၇၇၆ ဦးတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် များစွာ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ (၄၆၉)

၂၀၂၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ လုပ်ငန်းလမ်းညွှန်ချက်များဆိုင်ရာ ဆွေးနွေးပွဲသင်တန်းဖွင့်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၈

၂၀၂၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ လုပ်ငန်းလမ်းညွှန်ချက်များဆိုင်ရာ ဆွေးနွေးပွဲသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသက်လွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထိုက်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမိုးမြင့်ကျော်၊ ညွှန်ကြားရေးမှူး ဒေါက်တာသိန်းဇံ၊ ညွှန်ကြားရေးမှူး ဒေါက်တာငြိမ်းဝေ၊ ညွှန်ကြားရေးမှူး ဒေါက်တာမြတ်စိုးအောင်၊ ညွှန်ကြားရေးမှူး ဒေါက်တာကျော်မိုးလွင်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း၊ ညွှန်ကြားရေးမှူး(စီမံ၊ ဘဏ္ဍာ) ဦးအောင်ဆွေဦး၊ ညွှန်ကြားရေးမှူး (ပညာ) ဒေါက်တာကျော်လွင်၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းဆရာများ၊ သင်တန်းသား ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က ၂၀၂၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ လုပ်ငန်းလမ်းညွှန်ချက်များဆိုင်ရာ ဆွေးနွေးပွဲသင်တန်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသက်လွင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ဆွေးနွေးပွဲအစီအစဉ်အားလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထိုက်က စာမေးပွဲဆိုင်ရာလုပ်ငန်းများအားလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမိုးမြင့်ကျော်က စာစစ်ဌာနလျာထားသတ်မှတ်ခြင်း၊ ကြီးကြပ်ရေးမှူးခန့်ထားခြင်း၊ ဝင်ခွင့်ကတ်ပြားနှင့် မေးခွန်းလွှာဆိုင်ရာ ညွှန်ကြားချက်များအားလည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာသိန်းဇံက စာမေးပွဲကာလ မေးခွန်းလွှာ၊ အဖြေလွှာနှင့်စာမေးပွဲလုံခြုံမှုဆိုင်ရာ ဆောင်ရွက်ရန်လုပ်ငန်းများ၊ စာမေးပွဲခန်းဝင်ထွက်ခွင့်နှင့် မသမာမှုဆိုင်ရာ လိုက်နာရန်လုပ်ငန်းများ၊ အဖြေလွှာသိမ်းဆည်းထုပ်ပိုးခြင်း လုပ်ငန်းများအားလည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာငြိမ်းဝေက (Exam Candidate and Attendance Management System-ECAMS) အကြောင်း ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲသင်တန်းကို နိုဝင်ဘာ ၂၈ ရက်မှ ၂၉ ရက် အထိ နံနက် ၉ နာရီ မှ ညနေ ၄ နာရီ မိနစ် ၅၀ အထိ သင်ကြားသွားမည်ဖြစ်ရာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှ သင်တန်းသား၊ ဆရာ၊ ဆရာမ စုစုပေါင်း ၃၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)



(မန္တလေးနေ့စဉ်-၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ကြော်ငြာဌာန
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ ဖုန်း ၀၉-၇၅၁၁၇၀၁၁၉
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com ၂၉လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား။

☆ ရေဖုံးမှ

ဦးစွာ CLMV အလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်ကပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် CLMVအဖွဲ့ဝင်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် CLMV အဖွဲ့ဝင်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် (၁၂)ကြိမ်မြောက် "CLMVပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်ကို ပုံဖော်ခြင်း အခန်းကဏ္ဍနှင့် မဟာဗျူဟာ မြောက် ဦးတည်ချက်များ"ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် CLMV



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီးအစည်းအဝေးတွင် တက်ရောက်ဆွေးနွေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) အလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထိပ်သီးအစည်းအဝေး၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။

ဆက်လက်ပြီး "CLMV နိုင်ငံများအကြား ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အလားအလာများကို အကျိုးရှိစွာ အသုံးချခြင်းနှင့် သာယာဝပြောသော အနာဂတ်တစ်ခု တည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့် CLMV ထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေးကို ကျင်းပပြုလုပ်ရာ ဦးစွာ CLMV အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး CLMV အလှည့်ကျ ဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်၊ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆလုံဆေးကိုမာဆစ်နှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ကောင်ကင်ဟွန်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဖွဲ့ဖြိုးမှု မိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ CLMV အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းနောက် CLMV ထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေးကို စတင်ကျင်းပပြုလုပ်ရာ အလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်း ပြောကြားပြီး အစည်းအဝေး အစီအစဉ်ကို အတည်ပြုသည်။

ထို့နောက် တက်ရောက်လာကြသည့် CLMV အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံအကြီးအကဲနှင့် အစိုးရအကြီးအကဲများက "CLMV ပူးပေါင်းဆောင်ရွက်မှု အဆင့်သစ်တွင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဦးစားပေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ချိတ်ဆက်မှု မြှင့်တင်ခြင်းနှင့် အရင်းအမြစ်များကို ထိရောက်စွာ စုစည်းအသုံးချခြင်း" ခေါင်းစဉ်ဖြင့် အကျဉ်းချုပ် အလှည့်ကျဆွေးနွေးပြောကြားကြသည်။

ထိုသို့ ပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က CLMV ပူးပေါင်းဆောင်ရွက်မှုသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်ကတည်းက မိမိတို့လေးနိုင်ငံအကြား စီးပွားရေး ချိတ်ဆက်မှု အားကောင်းလာစေရေး၊ အတူတကွ သာယာဝပြောရေးနှင့် အာဆီယံအတွင်း ဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းမြောင်းရေးတို့အတွက် အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှု မူဘောင်တစ်ခုအဖြစ် ရပ်တည်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှု မူဘောင်ကိုရရှိထားပြီးဖြစ်သည့် အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး ပြောင်းလဲနေသည့်ဒေသတွင်းနှင့် နိုင်ငံတကာ အခြေအနေများနှင့် ချိန်ဆကာ ပိုမိုထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှု မူဘောင်တစ်ရပ်ဖြစ်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

လက်ရှိ ကမ္ဘာ့စီးပွားရေးနှင့် ပထဝီနိုင်ငံရေး အခြေအနေ၊ နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စိန်ခေါ်မှုများအပြင် နည်းပညာများတစ်ရှိန်ထိုး တိုးတက်လာမှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များသည် စိန်ခေါ်မှုများကို ယူဆောင်လာသကဲ့သို့ မိမိတို့ လေးနိုင်ငံအကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် အခွင့်အလမ်းကောင်းများလည်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တစ်နိုင်ငံချင်းစီတွင်ရှိသည့် အားနည်းချက်၊ အားသာချက်များကို အပြန်အလှန် ဖြည့်ဆည်းပေးနိုင်မည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းအောင် တည်ဆောက်သွားကြရန် လိုအပ်ကြောင်း။

ပထမဦးစွာ ချိတ်ဆက်မှုမြှင့်တင်ရေးကို ဆွေးနွေးလိုကြောင်း၊ ချိတ်ဆက်မှုဆိုင်ရာတွင် လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းကိုသာ ဆိုလိုခြင်းမဟုတ်ကြောင်း၊ မိမိတို့ နိုင်ငံအသီးသီးတွင်ရှိသည့် စီးပွားရေးလုပ်ငန်းများအချင်းချင်း ပိုမို ချိတ်ဆက်နိုင်ရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ လွယ်ကူလျင်မြန်စွာ စီးဆင်းနိုင်ရေး၊ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုများ အဆင်ပြေချောမွေ့ရေး၊ ဈေးကွက်များ ပိုမိုလက်လှမ်းမီနိုင်ရေး၊ ဒီဂျစ်တယ်နည်းပညာနှင့် သတင်းအချက်အလက်များ ဖလှယ်နိုင်ရေးနှင့် ပြည်သူများအကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရေးတို့လည်း ပါဝင်ကြောင်း။

မိမိတို့ CLMV လေးနိုင်ငံသည် ပထဝီဝင်အနေအထားအရ နီးကပ်စွာတည်ရှိမှု၊ သဘာဝသယံဇာတ ပေကြွယ်ဝမှုနှင့် လုပ်သားအင်အား များစွာရှိနေမှုစသည့်အားသာချက် များရှိနေကြောင်း၊ အဆိုပါ အားသာချက်များနှင့်အတူ ဒေသတွင်း ကုန်ထုတ်လုပ်မှုနှင့် ထောက်ပံ့မှုကွင်းဆက်များ အားကောင်းလာစေရေး၊ အကျိုးဖြစ်ထွန်းသည့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးနှင့် အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်သွားနိုင်မည်ဆိုပါက CLMV ဒေသခွဲသည် ပိုမိုကျယ်ပြန့်သည့် ဒေသတွင်းနှင့် ကမ္ဘာ့စျေးကွက်များကို ချိတ်ဆက်ပေးနိုင်သည့် အရေးပါသော စီးပွားရေးဗဟိုချက်မတစ်ခု ဖြစ်လာနိုင်ကြောင်း။

ၦင်းနှင့်ဆက်စပ်ပြီး ဗီယက်နမ် နိုင်ငံမှအဆိုပြုထားသည့် "CLMV နိုင်ငံများအကြား ခေတ်မီကုန်းတွင်းဆိပ်ကမ်း စကြံအစီအစဉ်"ကို မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝ အားပေး ထောက်ခံသည်ကို ပြောကြားလိုကြောင်း၊ ဗီယက်နမ် နိုင်ငံက အဆိုပြုထားသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံများအကြား ခေတ်မီကုန်းတွင်းဆိပ်ကမ်းစကြံ အစီအစဉ်တွင် ကုန်းတွင်းဆိပ်ကမ်း ၄၅ ခုပါဝင်ပြီး မြန်မာနိုင်ငံမှ ရှစ်ခုပါရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ထားဝယ်ရေနက် ဆိပ်ကမ်းသည်လည်း အိန္ဒိယသမုဒ္ဒရာကိုဖြတ်ပြီး ဥရောပနိုင်ငံများသို့ ရေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် မဟာဗျူဟာမြောက် အရေးပါလာမည့်နေရာ တစ်ခုဖြစ်ကြောင်း၊ မဟာမဲခေါင်ဒေသခွဲတောင်ပိုင်းစီးပွားရေးစကြံ (Southern Economic Corridor-SEC)သည် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့ကို ချိတ်ဆက်နိုင်ကြောင်း၊ လာအိုနိုင်ငံအနေဖြင့်လည်း မဟာမဲခေါင်ဒေသခွဲတောင်-မြောက် စီးပွားရေးစကြံ (North-South Economic Corridor- NSEC) ကို အသုံးပြုပြီး တောင်ပိုင်း စီးပွားရေးစကြံ (Southern Economic Corridor-SEC)ကို ချိတ်ဆက်၍ ထားဝယ်ရေနက်ဆိပ်ကမ်းကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆

- မိမိတို့ CLMV လေးနိုင်ငံသည် ပထဝီဝင်အနေအထားအရ နီးကပ်စွာတည်ရှိမှု၊ သဘာဝသယံဇာတပေကြွယ်ဝမှုနှင့် လုပ်သားအင်အား များစွာရှိနေမှု စသည့် အားသာချက်များရှိနေ
- အဆိုပါအားသာချက်များနှင့်အတူ ဒေသတွင်းကုန်ထုတ်လုပ်မှုနှင့် ထောက်ပံ့မှုကွင်းဆက်များ အားကောင်းလာစေရေး၊ အကျိုးဖြစ်ထွန်းသည့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်သွားနိုင်မည်ဆိုပါက CLMV ဒေသခွဲသည် ပိုမိုကျယ်ပြန့်သည့် ဒေသတွင်းနှင့် ကမ္ဘာ့စျေးကွက်များကို ချိတ်ဆက်ပေးနိုင်သည့် အရေးပါသော စီးပွားရေးဗဟိုချက်မတစ်ခုဖြစ်လာနိုင်

“CLMV နိုင်ငံများအကြား ခေတ်မီကုန်းတွင်းဆိပ်ကမ်းစင်္ကြံ အစီအစဉ်” နှင့် “ CLMV နိုင်ငံများအကြား ယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ် အစီအစဉ်” တို့ကို အတည်ပြု ချမှတ်

☆ စာမျက်နှာ ၃ မှ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအကြီးအကဲများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထို့ပြင် ဗီယက်နမ်နိုင်ငံမှ အဆိုပြုထားသည့် “CLMV နိုင်ငံများအကြား ခေတ်မီကုန်းတွင်းဆိပ်ကမ်းစင်္ကြံ အစီအစဉ်” သည်လည်း အဆိုပါစီးပွားရေးစင်္ကြံလမ်းကြောင်းများမှ တစ်ဆင့် ထားဝယ် ရေနက်ဆိပ်ကမ်းကို အသုံးပြုပြီး ကုန်သွယ်မှုပြုလုပ်ခြင်းအားဖြင့် ဒေသတွင်းစီးပွားရေး ပိုမိုတိုးတက်လာမည်ဟုယုံကြည်ကြောင်း၊ ထပ်မံ၍ ဒေသတွင်း ချိတ်ဆက်မှုလမ်းကြောင်း အနေဖြင့် မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်နေသည့် အိန္ဒိယ - မြန်မာ-ထိုင်း အဝေးပြေးလမ်းမကြီး (India-Myanmar-Thailand Trilateral Highway- IMT) ကို မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက် စီးပွားရေးစင်္ကြံ (East-West Economic Corridor-EWEC)နှင့် ချိတ်ဆက်ပြီးလည်း ကမ္ဘောဒီးယား၊ လာအို နှင့် ဗီယက်နမ်နိုင်ငံတို့ကို ဆက်သွယ်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန် စက်မှုဆိပ်ကမ်းကို ပြည်တွင်းအမြန်လမ်း ကွန်ရက်၊ မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက် စီးပွားရေးစင်္ကြံတို့နှင့် ချိတ်ဆက်ပြီး CLMV နိုင်ငံများအကြား ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ အိန္ဒိယ-မြန်မာ-ထိုင်း အဝေးပြေးလမ်းမကြီးနှင့် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံများကို ချိတ်ဆက်အသုံးပြုခြင်းအားဖြင့် မိမိတို့ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများသည် ကြီးမားကျယ်ပြန့်သည့် အိန္ဒိယဈေးကွက်ကို တိုက်ရိုက်ဝင်ရောက်နိုင်သည့် အခွင့်အရေး တစ်ရပ်ကိုလည်း ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံဖြတ်ကျော် ကုန်စည်သယ်ယူပို့ဆောင်ရေး ပိုမိုချောမွေ့လာပြီး ဒေသတွင်း ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် (Regional Supply Chain)တွင် CLMV နိုင်ငံများ၏ ပူးပေါင်းပါဝင်မှုအားကောင်းလာစေမည်ဖြစ်သည့် အတွက် အဆိုပါစင်္ကြံများ ဖွံ့ဖြိုးတိုးတက်ရေး မိမိတို့နိုင်ငံများအကြား အပြန်အလှန်ချိတ်ဆက်မှုများကို အဆင့်မြှင့်တင်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ဒုတိယအချက်အနေဖြင့်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအမြစ်များကို ထိရောက်စွာ စုစည်းအသုံးချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန်ဖြစ်ကြောင်း၊ CLMV၏ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးအစီအစဉ်များသည် အဖွဲ့ဝင် လေးနိုင်ငံအတွက်သာ ဦးတည်ခြင်း မဟုတ်ကြောင်း၊ ဒေသတွင်းပေါင်းစည်းမှု ပိုမိုအားကောင်းလာစေရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အားလုံးအတွက် မျှဝေခံစားနိုင်သည့် စီးပွားရေးသာယာဝပြောမှုကို ဖော်ဆောင်ရေးဆိုသည့် ပိုမိုကျယ်ပြန့်သည့် ရည်မှန်းချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့အစည်းအဝေးတွင် မိမိတို့နှင့်အတူ တက်ရောက်လာကြသည့် အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များကိုလည်း CLMV ပူးပေါင်းဆောင်ရွက်မှုများတွင် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် CLMV ၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့် နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များကို ကူညီပံ့ပိုးပေးကြရန် အလေးအနက် ဖိတ်ခေါ်အပ်ကြောင်း။

မြန်မာနိုင်ငံသည် CLMV ပူးပေါင်းဆောင်ရွက်မှုအောက်တွင် စိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍများ၌ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကဏ္ဍများသည် မိမိတို့ဒေသခွဲ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်ကဏ္ဍများဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် သမားရိုးကျ စိုက်ပျိုးရေးမှတစ်ဆင့် ခေတ်မီစိုက်ပျိုးရေး နည်းပညာနှင့် တန်ဖိုးမြှင့်ထုတ်လုပ်မှုစနစ်များဆီ တဖြည်းဖြည်း ကူးပြောင်းနိုင်ရန်နှင့် စိုက်ပျိုးရေး ထုတ်ကုန်များကို အရည်အသွေးမြှင့်တင်ခြင်းနှင့် ဈေးကွက်ချိတ်ဆက်မှု တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ကြောင်း။ အလားတူ စက်မှုကဏ္ဍတွင်လည်း မိမိတို့နိုင်ငံများ၏ ကုန်ကြမ်းနှင့် သဘာဝ အရင်းအမြစ်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန်နှင့် ဒေသတွင်း ကုန်ထုတ်လုပ်မှုကွင်းဆက်များတွင် ပိုမိုပါဝင်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စွမ်းအင်ကဏ္ဍတွင်လည်း စွမ်းအင်အရင်းအမြစ်များကို ထိရောက်စွာ အသုံးချရေး၊ စွမ်းအင်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်သည့် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ရရှိရေးတို့ကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စွမ်းအင်ဖူလုံမှုသည် စက်မှုဖွံ့ဖြိုးရေးနှင့် စီးပွားရေးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်ဖြစ်ခြင်းကြောင့် ယခုကဏ္ဍတွင် CLMV အဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများအကြား နည်းပညာနှင့် အတွေ့အကြုံကောင်းများ ဖလှယ်ခြင်းကို တိုးမြှင့်ဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါကြောင်း။



ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) အလှည့်ကျ ဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန် မိန့်ခွန်းပြောကြားစဉ်။

တစ်ဖက်တွင်လည်း မိမိတို့လေးနိုင်ငံ၏ ကြွယ်ဝသည့် ယဉ်ကျေးမှု အမွေအနှစ်များနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အလားအလာများကို အကျိုးရှိရှိပေါင်းစပ်အသုံးချနိုင်မည်ဆိုပါက ပြည်သူအချင်းချင်း ပိုမိုနီးကပ်စွာချိတ်ဆက်နိုင်သကဲ့သို့ ဒေသတွင်း စီးပွားရေး အခွင့်အလမ်းများကိုလည်း ပိုမိုတိုးချဲ့ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဗီယက်နမ်နိုင်ငံမှ အဆိုပြုထားသည့် “CLMV နိုင်ငံများအကြား ယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်အစီအစဉ်” ကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုသည်ကို ပြောကြားလိုကြောင်း၊ ထိုအစီအစဉ်ကို ခရီးသွားလုပ်ငန်းမြှင့်တင်ရေး သက်သက်မဟုတ်ဘဲ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရင်း ပြည်သူအချင်းချင်း နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေမည့် အခွင့်အလမ်းတစ်ရပ်အဖြစ် ရှုမြင်သင့်ကြောင်း။

မိမိတို့ဒေသသည် သဘာဝဘေးနှင့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို မကြာခဏဆိုသကဲ့သို့ ရင်ဆိုင်နေရသည်ကိုလည်း အားလုံးသိရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံများအကြား နည်းပညာနှင့် အတွေ့အကြုံများ ဖလှယ်ပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို လက်တွေ့ကျကျ မြှင့်တင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

CLMV ပူးပေါင်းဆောင်ရွက်မှုကို အာဆီယံပေါင်းစည်းရေးဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်(IAI)နှင့် ပိုမိုချိတ်ဆက် ဆောင်ရွက်သွားရန် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝ ထောက်ခံကြောင်း၊ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးတွင် CLMV သည် လက်တွေ့ကျကျ အားဖြည့်ပေးနေသကဲ့သို့ အာဆီယံ၏ ခိုင်မာသည့်မဏ္ဍိုင်တစ်ခုအဖြစ်လည်း ဆက်လက်ရပ်တည်လျက်ရှိကြောင်း၊ ထို့ကြောင့် အာဆီယံ၏ ဖွံ့ဖြိုးမှုအစီအစဉ်များတွင် CLMV ကို ဦးစားပေးတစ်ရပ်အနေဖြင့် ဆက်လက်ထည့်သွင်း စဉ်းစားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် CLMV အဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာ ဖွံ့ဖြိုးမှု မိတ်ဖက်များအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေးနှင့် မိမိတို့၏ ဖွံ့ဖြိုးတိုးတက်ရေး ဘုံရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေး အတွက် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ဒေသတွင်းနှင့်နိုင်ငံတကာအဖွဲ့ အစည်းများနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံများမှကိုယ်စားလှယ်များက ကဏ္ဍအလိုက် အသီးသီး ဆွေးနွေးပြောကြားသည်။

ထို့နောက် (၁၂)ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်နှင့် နောက်ဆက်တွဲ(၂)ခုဖြစ်သည့် “CLMV နိုင်ငံများအကြား ခေတ်မီကုန်းတွင်းဆိပ်ကမ်းစင်္ကြံ အစီအစဉ်”နှင့် “ CLMV နိုင်ငံများအကြား ယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ် အစီအစဉ်”တို့ကို အတည်ပြု ချမှတ်ကြသည်။

ယင်းနောက် CLMV အလှည့်ကျ ဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က အပိတ်မိန့်ခွန်းပြောကြားပြီး CLMV အလှည့်ကျဥက္ကဋ္ဌတာဝန်အား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က CLMV အလှည့်ကျ ဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်မှုနှင့် ပတ်သက်၍လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က CLMV အလှည့်ကျဥက္ကဋ္ဌတာဝန် လွှဲပြောင်းမှုကို လက်ခံသည့် အထိမ်းအမှတ်အဖြစ် လည်းကောင်း မိန့်ခွန်းများအသီးသီး ပြောကြားကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(ACMECS)ထိပ်သီးအစည်းအဝေး အလှည့်ကျဥက္ကဋ္ဌအဖြစ်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၈

(၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS) ထိပ်သီးအစည်းအဝေးကို ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Center ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

အဆိုပါ အစည်းအဝေးသို့ (၁၁) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ACMECS အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအကြီးအကဲများ ဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်၊ လာအို ပြည်သူ့ ဒီမိုကရက်တစ်သမ္မတ နိုင်ငံဝန်ကြီးချုပ် မစွတာ ဆလုံဆေးကိုမာဆစ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဖြစ်သူ မစ္စတာ ဖေတုန်ထိုင်ရှင်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖမ်မင်ချင်း၊ ACMECS အတွင်းရေးမှူး ဒေါက်တာ ဆုံးဆုံးမြင့်ဝေ၊ ACMECS ဗဟိုရုံးချုပ် ဒုတိယအ

❒ စာမျက်နှာ ၅ မှ

ထို့နောက် အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်တွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များသည် မြန်မာနိုင်ငံ ပုဂံမြို့တွင် တွေ့ဆုံပြီး ပုဂံကြေညာစာတမ်းကို ထုတ်ပြန်ကြေညာပြီး ACMECS ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို စတင်ခဲ့ကြောင်း၊ များမကြာမီတွင် ဗီယက်နမ်နိုင်ငံသည် အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး ACMECS ကို ပူးပေါင်းပါဝင် အားဖြည့်ခဲ့ကြောင်း။

ACMECS စတင်ဖွဲ့စည်းခဲ့ပြီးပြီးခဲ့သည့် ဆယ်စုနှစ် နှစ်ခုတာကျော်လွန်သည့် ကာလအတွင်း မိမိတို့၏ဒေသတွင် ကြီးမားသည့် ပြောင်းလဲမှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့သော် ပုဂံကြေညာစာတမ်းပါ အခြေခံစံနှုန်းများနှင့် စိတ်ဓာတ်များသည် ယနေ့တိုင်ခေတ်နှင့် လျော်ညီနေဆဲပင်ဖြစ်ကြောင်း၊ အဆိုပါဘုံမျှော်မှန်းချက်များကို လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူများအတွက် သိသာထင်ရှားသည့် အကျိုးရလဒ်များအဖြစ် ပြောင်းလဲဖော်ဆောင်ပေးခြင်း အားဖြင့် အဆိုပါစိတ်ဓာတ်ကို ဆက်လက်လက်ဆင့်ကမ်း သယ်ဆောင်သွားရမည်ဖြစ်ကြောင်း။

အကြားအလပ်မရှိ ချိတ်ဆက်မှု၊ ထပ်တူကျသော ACMECS စီးပွားရေးနှင့် ခေတ်မီပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော ACMECS စသည့်မဏ္ဍိုင်(၃)ရပ် အောက်တွင်ရှိသည့် ပူးပေါင်းညှိနှိုင်းရေးကော်မတီများ အနေဖြင့် သက်ဆိုင်ရာ အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း၊ စီမံကိန်းများကို အကောင်အထည်ဖော်ခြင်းအပါအဝင် တိုးတက်မှုများဖြစ်ထွန်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ချီးကျူးဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့်ခေတ်မီပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော ACMECS ဖြစ်လာစေရေးမျှော်မှန်းချက်ကို မြှင့်တင်ရန် မြန်မာနိုင်ငံအနေဖြင့် အထူးအလေးထား လျက်ရှိကြောင်း၊ အဆိုပါ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အချက်(၃)ချက်ကို တင်ပြဆွေးနွေးလိုကြောင်း။

ပထမအချက်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ရန်အတွက် e-commerce platform တည်ထောင်ရန် အကြံပြုလိုကြောင်း၊ ယင်းသို့တည်ထောင်ခြင်းအားဖြင့် ဒေသတွင်းထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်ကို စုပေါင်းအားဖြင့် ပူးပေါင်းမြှင့်တင်ပြီး ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အသိပညာ ဗဟုသုတမျှဝေခြင်း၊ နည်းပညာဆိုင်ရာ အကူအညီပေးခြင်း၊ စံချိန်စံညွှန်းများပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဈေးကွက်ဝင်ရောက်မှုရရှိခြင်းတို့ကို ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့သည် ဒေသတစ်ခုလုံး၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းတွင်ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်နှင့် အလုပ်အကိုင်ရရှိမှု၏ ၅၀ ရာခိုင်နှုန်းကျော်ကို လွှမ်းမိုးထားကြောင်း၊ MSME လုပ်ငန်းများ၏ မဟာဗျူဟာမြောက်အရေးပါမှုကို အသိအမှတ်ပြုရင်း မြန်မာနိုင်ငံအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် "ဒေသတစ်ခု ထုတ်ကုန်တစ်ခု" (One Region, One Product – OROP) အစီအစဉ်ကို အကောင်အထည်ဖော်ခြင်း အပါအဝင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် ကြိုးပမ်းအားထုတ်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ "ဒေသတစ်ခု ထုတ်ကုန်တစ်ခု" (OROP)အစီအစဉ်ကို ထိုင်းနိုင်ငံ၏ "ဒေသတစ်ခု ထုတ်ကုန်တစ်ခု" (OTOP)အစီအစဉ်နှင့် ဗီယက်နမ်နိုင်ငံ၏ "ကျေးရွာတစ်ခုထုတ်ကုန်တစ်ခု"(OCOP) အစီအစဉ်အပါအဝင် ဒေသခွဲအတွင်းရှိ အခြားသော အလားတူအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားနိုင်မည့် အလားအလာများကို တွေ့ရှိရကြောင်း၊ ထို့ကြောင့်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါအစီအစဉ်များကို ချိတ်ဆက်ဆောင်ရွက်ရန်နှင့် ဒေသတွင်းကုန်သွယ်မှုတွင် MSME စီးပွားရေးလုပ်ငန်းများ ပေါင်းစည်း ပါဝင်လာရေးကို မြှင့်တင်ပေးနိုင်မည့် လက်တွေ့ကျသည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်သွားကြရန် တိုက်တွန်းလိုကြောင်း။

ဒုတိယအချက် အနေဖြင့် ခေတ်မီပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော ACMECS ဖြစ်လာစေရေးအတွက် စားနပ်ရိက္ခာ၊ ရေနှင့်စွမ်းအင်ဖူလုံရေးကို အလေးပေးရန် တိုက်တွန်းလိုကြောင်း၊ စားနပ်ရိက္ခာ၊ ရေနှင့် စွမ်းအင်ဖူလုံရေးသည် အပြန်အလှန်ဆက်နွယ်လျက်ရှိပြီး မိမိတို့နိုင်ငံများ၏ ကြံ့ကြံ့ခံနိုင်စွမ်း၊ ဒေသတွင်းတည်ငြိမ်ရေးနှင့် ပြည်သူများ၏ သာယာဝပြောရေးတို့အတွက် မရှိမဖြစ်လိုအပ်လာကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို မည်သည့်နိုင်ငံကမှ တစ်နိုင်ငံတည်း ချဉ်းကပ်ဖြေရှင်းနိုင်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် စုပေါင်းကြံ့ကြံ့ခံနိုင်စွမ်းအတွက် လက်တွေ့ကျသည့် ပလက်ဖောင်း တစ်ခုအဖြစ် ACMECS ၏ အခန်းကဏ္ဍကို မြှင့်တင်ရမည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား အသိပညာ၊ နည်းပညာနှင့် အလေ့အထကောင်းများကို မျှဝေခြင်း အပါအဝင် ဒေသတွင်း ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်များကို အားကောင်းစေခြင်း၊ ရာသီဥတုဒဏ်ခံနိုင်သည့် စိုက်ပျိုးရေးစနစ်များနှင့် ခေတ်မီနည်းပညာနှင့် စိုက်ပျိုးရေးကို မြှင့်တင်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနှင့် ယင်းနှင့်ဆက်နွယ်ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်စိန်ခေါ်မှုများကို ဖြေရှင်းရေးတို့အတွက် ရေအရင်းအမြစ်စီမံခန့်ခွဲခြင်းနှင့် သန့်ရှင်းသော စွမ်းအင်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းတို့မှတစ်ဆင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

ယင်းသို့ အကောင်အထည်ဖော်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရင်း ACMECS နှင့် အခြားသော သက်ဆိုင်ရာဒေသတွင်း၊ ဒေသခွဲ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်များအကြား ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်မှုကိုလည်း မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။



ACMECS အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(ACMECS) ထိပ်သီးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။



ACMECS အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အလှည့်ကျဥက္ကဋ္ဌတာဝန်အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် ထံ လွှဲပြောင်းပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

တတိယအချက် အနေဖြင့် အခြေခံ အဆောက်အအုံများ ချိတ်ဆက်မှု၊ ဒီဂျစ်တယ်နည်းပညာများဖြင့် ချိတ်ဆက်မှုနှင့် အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှု သုံးခုကို ခိုင်မာအားကောင်းအောင်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံ ချိတ်ဆက်မှု သာမက ဒီဂျစ်တယ်ကွန်ရက် ချိတ်ဆက်မှု၊ အဖွဲ့အစည်းဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အတားအဆီးများကို ဖြေရှင်းပေးခြင်းတို့သည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံရေးနှင့် ဆိုက်ဘာလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတို့တွင် မရှိမဖြစ်လိုအပ်ပြီး စစ်မှန်သည့် ဒေသတွင်းချိတ်ဆက်မှုကိုလည်း ရရှိစေမည်ဖြစ်ကြောင်း။

အဖွဲ့အစည်းဆိုင်ရာအဆင့်တွင် ဆက်လက်ဆောင်ရွက်သွားမည့် ACMECS ပင်မစီမံချက်ရေးဆွဲရေးအတွက် လက်ရှိကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုပြီး အနာဂတ် ပူးပေါင်းဆောင်ရွက်မှု အတွက် မဟာဗျူဟာမြောက် လမ်းပြမြေပုံအဖြစ် အချိန်မီ အပြီးသတ် အတည်ပြုချမှတ်သွားနိုင်မည်ဟုမျှော်လင့်မိကြောင်း၊ ACMECS ပင်မစီမံချက် အသစ်သည် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများကို တုံ့ပြန်ဖြေရှင်းရန်နှင့် မိမိတို့၏ ဒေသတွင်း ဦးစားပေးလုပ်ငန်းများကို ထင်ဟပ်စေရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ACMECS ယာယီ အတွင်းရေးမှူးရုံးကို အားကောင်းစေရေး အတွက် ကြိုးပမ်းမှုများကိုလည်း ထောက်ခံပြီး ACMECS ဦးစားပေးစီမံကိန်းများစာရင်းကို ပြန်လည်သုံးသပ်ပြင်ဆင်မွမ်းမံရန် အကြံပြုချက်ကို ကြိုဆိုကြောင်း၊ အဆိုပါအချက်များသည် အဖွဲ့အစည်းဆိုင်ရာ ထိရောက်မှုကို မြှင့်တင်ရာတွင်လည်း အရေးပါခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်" ACMECS ဦးစားပေးစီမံကိန်းများ ပြန်လည်သုံးသပ်ရေး အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန်"ကို ACMECS အရာရှိကြီးများ အစည်းအဝေးမှ ထောက်ခံခဲ့ခြင်းနှင့် ယခုထိပ်သီး အစည်းအဝေးတွင် အတည်ပြုထုတ်ပြန်မှုအပေါ် နိုင်ငံခေါင်းဆောင်များ၏ အပြည့်အဝ ထောက်ခံမှုကို ကြိုဆိုကြောင်း။

မိမိတို့၏ ဘုံမျှော်မှန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အတွက် ခိုင်မာသည့် နိုင်ငံရေးကတိကဝတ်နှင့် စနစ်ကျသည့် အဖွဲ့အစည်းဆိုင်ရာ အစီအမံများသာမက လုံလောက်၍ မှန်းဆတွက်ချက်နိုင်ပြီး ရေရှည်တည်တံ့သည့် ဘဏ္ဍာရေး အထောက်အပံ့များလည်းလိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အရင်းအမြစ်များကိုစုစည်းပြီး ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်မှုကို ပံ့ပိုးရန်အတွက် အရေးပါသော ယန္တရားတစ်ခုဖြစ်သည့် ACMECS ဖွံ့ဖြိုးမှုရန်ပုံငွေ (ACMDF) ထူထောင်ရေးကို အထူးအလေးထား လျက်ရှိကြောင်း၊ ရန်ပုံငွေ ထူထောင်ရေးလုပ်ငန်းစဉ်များကို တိုးတက်အောင်ဆောင်ရွက်လျက် ရှိသည့် ACMECS ဘဏ္ဍာရေးဆိုင်ရာ အရာရှိကြီးများ အစည်းအဝေး၏ လက်ရှိကြိုးပမ်းအားထုတ်မှုများကိုလည်း အသိအမှတ်ပြုသည်ကို ပြောကြားလိုကြောင်း၊ ACMECS ဖွံ့ဖြိုးမှုရန်ပုံငွေကို အမြန်ဆုံးထူထောင်နိုင်ရေး အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် လုပ်ငန်းများကို အရှိန်မြှင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ အဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်များ အနေဖြင့်လည်း ထည့်ဝင်မှုများနှင့် ပံ့ပိုးကူညီမှုများကို ဆက်လက်ပြုလုပ်သွားကြရန်လည်း တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတွင် ထုတ်ပြန်မည့် (၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS)၏ နေပြည်တော်ကြေညာစာတမ်းနှင့် ACMECS ဦးစားပေးစီမံကိန်းများ ပြန်လည်သုံးသပ်ရေး အထူး

စာမျက်နှာ ၇ သို့ ❒

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် ဟွန်မာနက်နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၈

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS)ထိပ်သီးအစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို - မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် ဟွန်မာနက်နှင့် တွေ့ဆုံဆွေးနွေးသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် ဟွန်မာနက်နှင့် တွေ့ဆုံဆွေးနွေးစဉ်။



အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ကမ္ဘောဒီးယားအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ပိုမိုမြင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားနိုင်ငံ အစိုးရတို့ အနေဖြင့်လည်း အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေးအတွက် ထိထိရောက်ရောက် ရှင်းလင်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်ရေး ဆောင်ရွက်ရာတွင် နှစ်နိုင်ငံအကြား အပြန်အလှန် သတင်းဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သဖြင့် အာဆီယံ၏ ပဋိညာဉ်အတိုင်း အဖွဲ့ဝင်နိုင်ငံများအပေါ် ဆက်လက်ဆက်ဆံဆောင်ရွက်သွားမည့် အခြေအနေများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်ကို လေးစား လိုက်နာကြရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် တည်ဆဲဥပဒေများကို လည်း လေးစားကြရန်လိုအပ်မှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ အနေဖြင့် အာဆီယံနှင့်နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ရပ်တည်ထောက်ခံပေးလျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်စေလွှတ်ရေးနှင့် ပြည်သူအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

> နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် ဟွန်မာနက်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❐ စာမျက်နှာ ၆ မှ

လုပ်ငန်းအဖွဲ့ဆိုင်ရာ လုပ်ငန်းလမ်းညွှန်တို့ကို အတည်ပြုကြသည်။

ယင်းနောက် အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက နိဂုံးချုပ် မိန့်ခွန်းပြောကြားရာတွင် တန်ဖိုးရှိသည့် အကြံဉာဏ်များနှင့် အမြင်များကို ဖလှယ်ကြရင်း တက်တက်ကြွကြွ ပါဝင်ဆွေးနွေးခဲ့ကြသည့်အတွက် ACMECS အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များအားလုံးကို မိမိအနေဖြင့် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ACMECS အလှည့်ကျဥက္ကဋ္ဌ တာဝန် ထမ်းဆောင်စဉ်အတွင်း၌ လက်တွေ့ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး၊ ချိတ်ဆက်မှု ပိုမို အားကောင်းရေး၊ အားလုံးပါဝင်သောဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် ဖော်ဆောင်နိုင်ရေးနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုအသစ်များကြားတွင် ကြံ့ကြံ့ခံနိုင်မှုရှိရေးတို့အတွက် နည်းလမ်းများ ကြိုးပမ်းရှာဖွေခဲ့ကြောင်း။

မိမိတို့ရှေ့တွင် အခက်အခဲစိန်ခေါ်မှုများ ရှိနေလင့်ကစား ပူးပေါင်း ဆောင်ရွက်မှုကို ဆက်လက်မြှင့်တင်သွားကြမည်ဆိုသည့် ခိုင်မာသောဆုံးဖြတ်ချက် တစ်ခုရှိနေသည်ကို ယနေ့ထိပ်သီး စိတ်ဓာတ်ကို လမ်းညွှန်ချက်အနေ ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ရှေ့မှောက်တွင် ကြီးမားသည့်စိန်ခေါ်မှုများ ရှိနေသကဲ့သို့ စည်းလုံးညီညွတ်မှု၊ အပြန်အလှန် ယုံကြည်မှုနှင့် အားလုံးပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် ဖန်တီးနိုင်မည့်အခွင့်အလမ်းများလည်း များစွာရှိနေကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ACMECS ၏ ဘုံဦးစားပေးလုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်သွားရန်၊ မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာစေရန်နှင့် ပိုမို ချိတ်ဆက်မှုရှိကာ ကြံ့ကြံ့ခံနိုင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် ဒေသခွဲတစ်ခုကို တည်ဆောက်ရန်အတွက် ACMECS အဖွဲ့ဝင်နိုင်ငံအားလုံးနှင့်အတူတကွ ပူးပေါင်း ဆောင်ရွက်သွားရန် အဆုံးသင့်ရှိကြောင်း၊ ထို့ကြောင့် ယနေ့ ဖော်ဆောင်နေသည့် သာယာဝပြောမှုနှင့် တိုးတက်မှုများသည် နောင်လာနောက်သား မျိုးဆက်သစ်များအတွက် ပိုမို ခိုင်မာသည့် အခြေခံအုတ်မြစ်တစ်ခုဖြစ်လာစေရေး အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ACMECS အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အလှည့်ကျဥက္ကဋ္ဌ တာဝန်အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုတင် ချာဝီရကွန်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ACMECS အလှည့်ကျဥက္ကဋ္ဌ တာဝန်လွှဲပြောင်းပေးအပ်မှုနှင့်ပတ်သက်၍လည်းကောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ACMECS အလှည့်ကျဥက္ကဋ္ဌ တာဝန်လွှဲပြောင်းမှုကို လက်ခံသည့် အထိမ်းအမှတ်အဖြစ် လည်းကောင်း မိန့်ခွန်းများ အသီးသီး ပြောကြားကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော် နိုဝင်ဘာ ၂၈

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီခန့်တွင် လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆလုံဆေး ကိုမာဆစ်နှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတ နိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ လာအို အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-လာအို နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံ၊ မိတ်ဆွေနိုင်ငံ၊ ညီအစ်ကိုနိုင်ငံများ ဖြစ်ကြပြီး နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက် ဆက်ဆံရေးနိုင်ငံနှင့် နီးကပ်သော ယုံကြည်စိတ်ချရသည့် မိတ်ဖက်နိုင်ငံများဖြစ်မှု အခြေအနေများ၊ နှစ်နိုင်ငံသည် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ (CLMV)၊ မဟာမဲခေါင်ဒေသခွဲအဖွဲ့ (GMS)၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့ (ACMECS)တို့တွင်လည်း အဖွဲ့ဝင်နိုင်ငံများဖြစ်မှု အခြေအနေများနှင့် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်၍ ပြည်သူများက ယုံကြည်စွာဖြင့် ရွေးချယ်တင်မြှောက်ထားသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် အစိုးရအဖွဲ့၏ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေး

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် လာအို ပြည်သူ့ ဒီမိုကရက်တစ် သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆလုံဆေး ကိုမာဆစ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆလုံဆေး ကိုမာဆစ်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် လာအိုနိုင်ငံဝန်ကြီးချုပ်တို့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

'ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk)ကျင်းပ

မန္တလေး အောက်တိုဘာ ၂၈

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူ့စကားဝိုင်း(Public Talk)ကို မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ မြသိန်းတန် ခမ္မာရုံ၌ ယနေ့နေ့နံနက်ဝိုင်းက ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့စကားဝိုင်းကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့စကားဝိုင်းကိုကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမင်းနိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်ဇော်အောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်စိုးစိုး၊ မြို့နယ်လှပစစ်မန်နေဂျာ ဦးမင်းသိန်း၊ မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိ ဦးအောင်ကိုကို တို့က "ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော ပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
အောင်ဇော်မင်း



ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။

မိုင်းယောင်းမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မိုင်းယောင်း နိုဝင်ဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် အပတ်စဉ်စနေနေ့ စုပေါင်းသန့်ရှင်းရေးကို ယနေ့နံနက် ၇ နာရီက မြို့နယ်အား ကစားကွင်း၌ ဆောင်ရွက်ကြသည်။

ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ ဝန်ထမ်းများက ပေါင်းမြက်နှင့် အမှိုက်များ ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝေဝေနိုင်(ပြန်/ဆက်)

o-o-o-o-o





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ဗီယက်နမ်နိုင်ငံရိုးရာ တေးသီချင်းများ၊ အကအလှများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်



ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဗီယက်နမ်နိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(CLMV) ထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးမှု အထိမ်းအမှတ်အဖြစ် ယနေ့ညပိုင်းတွင် ဟနွိုင်းမြို့ရှိ Melia Hanoi ဟိုတယ်၌ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် ဟွန်မာနက်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆလုံဆေးကိုမာဆစ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအနုတင် ချာဝီရကွန်၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာကောင်ကင် ဟွန်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ညစာစားပွဲ အခမ်းအနား ပြုလုပ်မည့်နေရာသို့ သွားရောက်ရာ ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ကြိုဆိုနှုတ်ဆက်ပြီး နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် ဗီယက်နမ် ရိုးရာအစားအစာများကို ကြည့်ရှုကြသည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ဗီယက်နမ်နိုင်ငံရိုးရာ တေးသီချင်းများ၊ အကအလှများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးလျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အနုပညာဦးစီးဌာန အမျိုးသားကဇာတ်ရုံ (မန္တလေး) ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၂၈

မန္တလေးလျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အနုပညာဦးစီးဌာန အမျိုးသားကဇာတ်ရုံ (မန္တလေး) ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို ယနေ့မွန်းလွဲပိုင်းတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဒုတိယဝန်ကြီးဦးအေးထွန်းနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်၊ အရည်အသွေးကောင်းမွန်ပြီး ရေရှည်ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့အတူ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပြင်ဆင်ထိန်းသိမ်းထားရှိသည့် မြန်နန်းစံကျော်ရွှေနန်းတော်ကို ကြည့်ရှုစစ်ဆေးသည်။ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံများ၌ ဆေးရောင်ယိုယွင်းမှုများ ဖြစ်ပေါ်နေသည့်နေရာများကို မူလအရောင်အတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းရန်၊ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိစေရေး အထူးအလေးထား ဆောင်ရွက်ရန်၊ အဆောက်အအုံများအတွင်း အလင်းရောင် ပိုမိုရရှိစေရေးနှင့် လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊ ပြည်ပည့်သည်များ လာရောက်လေ့လာရာတွင် အဆင်ပြေမှုရှိစေရန်အတွက် ဆိုင်းဘုတ်စာသားဖော်ပြချက်များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားဖော်ပြရန် မှာကြားသည်။



ကြည့်ရှုစစ်ဆေး

အလားတူ ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)နှင့် မဟာအတုလဝေယ် (အတုမရှိကျောင်း) ထိန်းသိမ်းထားရှိမှု၊ ရတနာပုံခန်းမ၌ အခမ်းအနားများ ကျင်းပနိုင်မှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း၊ ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရံမှ၊ သဏ္ဌာန်လှပ၊ ပန်ရလိမ့်။

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KNLA၊ KTLA၊ PDFအဖွဲ့များမှ အဖွဲ့ဝင် ၂၈ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံ

နေပြည်တော် နိုဝင်ဘာ ၂၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ KNLA၊ KTLA၊ PDF အဖွဲ့များမှ အမျိုးသား ၂၁ ဦးနှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၂၈ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ကြသည်။



ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ ခဲယမ်းများနှင့်အတူ ပြန်လည် ဝင်ရောက်လာခဲ့ကြသည့် KNLA၊ KTLA၊ PDF အဖွဲ့ဝင်များအား မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းမှူးဗိုလ်မှူးချုပ် ရဲဝင်းအောင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ဥပဒေဘောင် အတွင်း ပြန်လည် ဝင်ရောက်လာခဲ့သူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေဆိုင်ရာ ပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်မှ အမျိုးသား လေးဦး၊ အမျိုးသမီး နှစ်ဦး၊ ထားဝယ်မြို့နယ်မှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ငါးဦး၊ ဘုတ်ပြင်းမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ကော့သောင်းမြို့နယ်မှ အမျိုးသားတစ်ဦး၊ ပုလောမြို့နယ်မှ အမျိုးသားနှစ်ဦး၊ ရေဖြူမြို့နယ်မှ အမျိုးသား တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်မှ အမျိုးသား တစ်ဦး၊ လှိုင်သာယာမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်မှ အမျိုးသား တစ်ဦးတို့သည် ၎င်းတို့နှင့်အတူ ပါရှိလာသည့် M16 သေနတ် တစ်လက်၊ HK သေနတ် တစ်လက်၊ ပစ္စတို တစ်လက်၊ လက်လုပ် သေနတ် လေးလက်၊ လက်ပစ်ဗုံး မျိုးစုံ ခုနစ်လုံး၊ ကျည်ဆံမဲ့ နှစ်ခု၊ ကျည်မျိုးစုံ ၆၄ တောင့်၊ ၄၀ မမ ဗုံးသီး သုံးလုံးတို့ကို လွှဲပြောင်း အပ်နှံရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများကသည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ အား မောင်းပြန်ရိုင်းဖယ် နှစ်လက် အတွက် ဆုကြေးငွေကျပ် သိန်း ၁၀၀၊ ပစ္စတို တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၀၊ လက်လုပ်သေနတ် လေးလက် အတွက် ဆုကြေးငွေကျပ် သိန်း၂၀၊ လက်ပစ်ဗုံးမျိုးစုံ ခုနစ်လုံးအတွက် ဆုကြေးငွေကျပ် ၂၁ သိန်း၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူ ၂၈ ဦးအတွက် ဆုကြေးငွေကျပ် သိန်း ၂၈၀ နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက် လာကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နှစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည်။ ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

အမျိုးသား

ကျွန်တော် ၂၀၂၄ ခုနှစ်လောက်က ရွာကို အလည်လာရင်းနဲ့လမ်းမှာ KNLA အကြမ်းဖက်အဖွဲ့တွေနဲ့ တွေ့ပြီး ကျွန်တော့်ကို စစ်ဆေးတယ်။ မေးမြန်းတယ်။ နောက်ဆုံးတော့ ကျွန်တော့်ကို လိမ်ပြီး ခေါ်သွားပါတယ်။ ကျွန်တော် သင်တန်းကာလ သုံးလကြာခဲ့ပါတယ်။ သင်တန်းဆင်းပြီး စခန်းကို ပြန်ရောက်တယ်။ ကျွန်တော် ရှင်းလင်းရေးတွေ လုပ်ရတယ်။ ဒါ့အပြင် ပြည်သူပိုင်တဲ့ ဥယျာဉ်ခြံတွေမှာ ဆက်ကြေးကောက်ခိုင်းတယ်။ အမှားနည်းနည်းလုပ်လိုက်တာနဲ့ အပြစ်ပေးတယ်၊ ရိုက်တယ်၊ ထိုးတယ်၊ အများကြီး အနိုင်ကျင့်ခံရတယ်။ ကျွန်တော် ပြန်စဉ်းစားတယ်၊ အတွေးပြန်ဝင်လာတယ်။ ငါတို့ ဒီအတိုင်းဆက်သွားနေရင် ဘာအဓိပ္ပာယ်မှ မရှိဘူး။ ငါတို့ လူငယ်တွေရဲ့ အနာဂတ်ပျောက်မှာ သေချာတယ်။ အဲဒီတော့ တစ်ယောက်နဲ့ တစ်ယောက် တိုင်ပင်တယ်။ ဥပဒေဘောင် အတွင်းသို့ အလင်းပြန်လည် ဝင်ရောက်ဖို့ အကြံခဲကြိမ် ကြိုးစားတယ်။ ၂၀၂၅ ခုနှစ်ကျော်လောက်မှာ ကျွန်တော်ရင်းနှီးတဲ့ အသိတစ်ယောက်ထံ ကျွန်တော် အကူအညီတောင်းတယ်။ အမှန်တရားကို ရှင်းပြတယ်။ ကျွန်တော်တို့ ဥပဒေဘောင်အတွင်းသို့ အလင်း ပြန်လည်ဝင်ရောက်ဖို့ အကြောင်းပြောပြတယ်။ အဆင်ပြေသွားတယ်။ ကျွန်တော်လည်း မိသားစုနဲ့ ပြန်တွေ့ရမှာဆိုတော့ အလွန်လေပျော်မိပါတယ်။ ကျွန်တော်တို့ကို အစစအရာရာ ကူညီထောက်ပံ့ပေးတဲ့ ဌာနဆိုင်ရာ အသီးသီးကိုလည်း အလင်းဝင်ရောက်လာတဲ့ ညီအစ်ကို မောင်နှမတွေကိုယ်စား ကျေးဇူးအများကြီးတင်ပါတယ်လို့ပြောချင်ပါတယ်။ တောထဲမှာ ကျန်ရှိနေတဲ့ ညီငယ် ညီမငယ်တွေကိုလည်း အမြန်ဆုံး ဥပဒေဘောင်အတွင်းသို့ လာရောက်အလင်းဝင်ဖို့ ကျွန်တော်တို့က်တွန်းချင်ပါတယ်။

အမျိုးသမီး

၂၀၂၃ ခုနှစ်မှာ PDF အဖွဲ့ထဲကို ဝင်ရောက်ခဲ့ပါတယ်။ ဝင်ရောက်ခဲ့ပြီးတော့ အခြေခံသင်တန်းသုံးလ ဆင်းခဲ့ရပါတယ်။ သင်တန်းက ပြန်ရောက်ပြီးတော့ ကျွန်မ လုပ်ရတဲ့ တာဝန်တွေကတော့ ဆက်ကြေး ကောက်တယ်။ ကင်းစောင့်ရတယ်။ ထမင်းချက် ဟင်းချက်ရတယ်။ လိုင်းပေါ်က အလှူခံမဲရောင်းရတယ်။ နေရထိုင်ရ အဆင်မပြေတာတွေ အများကြီးရှိခဲ့တယ်။ တစ်နှစ်လောက်ကြာတာနဲ့ ထွက်ဖို့ပြောတယ်။ အချုပ် ခြောက်လ အကျခံရင် ထွက်ခိုင်းမယ်လို့ပြောတယ်။ အချုပ်ခြောက်လ အကျခံတယ်။ အချုပ်ခြောက်လ အကျခံပြီးတော့ လည်း ထွက်ဖို့ထပ်ပြောတယ်။ ထွက်ဖို့ ထပ်ပြောတော့ မထွက်ခိုင်းဘူး။ မထွက်ခိုင်းဘူးဆိုတော့ ကျွန်မထွက်ပြေးဖို့ ကြိုးစားတယ်။ အဲဒါနဲ့ တပ်မတော်ဘက်ကို အလင်းဝင်လိုက်တာပါ။ အလင်း လာဝင်တော့ တပ်မတော်ဘက်က လည်း နွေးနွေးထွေးထွေး ကြိုဆိုတယ်။ ပြီးတော့ အစားအသောက် အနေအထိုင် အစစအရာရာ အားလုံးကို အဆင်ပြေအောင် ထားပေးတယ်။ အဲဒီလိုထားပေးတဲ့အတွက်လည်း ကျေးဇူးအများကြီး တင်ပါတယ်ရှင့်။

သတင်းစဉ်





ရွာတွင်းကွန်ကရစ်လမ်းခင်းနိုင်ရေး ပြေနေရာကွင်းဆင်းတိုင်းစာ

ထီးချိုင့် နိုဝင်ဘာ ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် မြတောင်ကျေးရွာအုပ်စု၊ ဖုန်းကုန်းကျေးရွာ ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းနိုင်ရေးအတွက် ထီးချိုင့်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များရုံး တာဝန်ခံဦးအောင်ကျော်ထွန်း၊ ထီးချိုင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးပပထွန်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ ဝန်ထမ်းများက ဖုန်းကုန်းလေးကျေးရွာအတွင်း မြေပြင်ကွင်းဆင်း၍ တိုင်းတာခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက ဆောင် ရွက်ခဲ့သည်။ (ခဲပုံ)



အဆိုပါ ဖုန်းကုန်းလေးကျေးရွာ ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာနိုင်ရေးအတွက် ထီးချိုင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဘတ်ဂျက်ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးပပထွန်းက ပြောသည်။

အောင်ရဲကျော်(ကျေးလက်)

အသိပညာပေးဟောပြောပွဲကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းခန်းမဆောင်၌ ကျင်းပရာ ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူစာက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးနိုင်ကိုက ၁၆ ရက်တာလှုပ်ရှားမှုနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခြင်း၊ ပြင်ဦးလွင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် ဝင်း ဝင်းစိုးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနှင့် ပတ်သက်သည့် အကြောင်းအရာများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်း ဟောပြောခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ ဆက်)

နိုင်ငံတကာ အားကစား သတင်းများ



ဥရောပပြိုင်ပွဲ ငါးပွဲဆက် အနိုင်ရရှိသည့် ပထမဆုံး အင်္ဂလန်ကလပ်အသင်းအဖြစ် ဘုန်းမောက်အသင်း မှတ်တမ်းဝင်

လန်ဒန် နိုဝင်ဘာ ၂၈

ဘုန်းမောက်အသင်းသည် ဥရောပပြိုင်ပွဲ ငါးပွဲဆက် အနိုင်ရရှိသည့် ပထမဆုံး အင်္ဂလန်ကလပ်အသင်းအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

ဘုန်းမောက်အသင်းသည် ယူရိုပါလိဂ်ပွဲစဉ်အဖြစ် ဆဲလ်တာဗီဂိုအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ယူရိုပါလိဂ် ပွဲစဉ် ငါးပွဲ ကစားအပြီးတွင် ရာနှုန်းပြည့် အနိုင်ရရှိကာ ရမှတ် ၁၅ မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့သည်။

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ ယူရိုပါလိဂ်ချန်ပီယံဆုကို ဆွတ်ခူးရန် ဘုန်းမောက်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့က ရေပန်းစားလျက်ရှိသည်။

(အဓေါ်ပုံ) (NGB)

ဆယ်လ်ကွန်ဘီဒီကို ခေါ်ယူရန် စပါးအသင်း စိတ်ဝင်စား

လန်ဒန် နိုဝင်ဘာ ၂၈

စပါးအသင်းသည် ဝုဖ်ဘတ်အသင်း နောက်ခံကစားသမား ဆယ်လ်ကွန်ဘီဒီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဝုဖ်ဘတ်အသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉ ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဝုဖ်ဘတ်အသင်းကလည်း ဆယ်လ်ကွန်ဘီဒီအတွက် မြင့်မားသည့် ကြေးရွေကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် စပါးအသင်း အနေဖြင့် ဆောင်းရာသီစျေးကွက် အတွင်းတွင် ဝုဖ်ဘတ်အသင်းမှ ဆယ်လ်ကွန်ဘီဒီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ဝဲပုံ) (NGB)**



နော်တင်ဟမ်ဟောရက်စ်အသင်းက ချဲလ်ဆီးအသင်းကို သုံးဂိုး၊ နှစ်ဂိုးပြင့် အနိုင်ရရှိ

လန်ဒန် နိုဝင်ဘာ ၂၈

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက နော်တင်ဟမ်ဟောရက်စ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နော်တင်ဟမ်ဟောရက်စ်အသင်းက ချဲလ်ဆီးအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နော်တင်ဟမ်ဟောရက်စ်အသင်း အတွက် သွင်ဂိုး သုံးဂိုးကို ပွဲချိန် ၅ မိနစ်တွင် အီဂေါ်ဂျီဆူး၊ ပွဲချိန် ၅၁ မိနစ်နှင့် ၇၂ မိနစ်တွင် မော်ဂန်စ်ဝိုက်တို့ အသီးသီး သွင်းယူပေးခဲ့ကြသည်။

နော်တင်ဟမ်ဟောရက်စ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လာမည့် ဒီဇင်ဘာ ၃ ရက်တွင် ဟားလ်စီးတီးအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အောက်ပုံ)(NGB)**



အာအိုတာနာ လိဒ်စ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

လန်ဒန် နိုဝင်ဘာ ၂၈

လိဒ်စ်အသင်းသည် အသင်းကွင်းလယ်ကစားသမား အာအိုတာနာကို သုံးနှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လိဒ်စ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၂ ပွဲ ကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ် အရွယ်ရှိ အာအိုတာနာက 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ဝမ်းမြောက်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ဒီအသင်းနဲ့အတူ ဆုဖလားတွေလည်း ရယူသွားလိုပါတယ်' ဟု ပြောသည်။

(အောက်ပုံ) (NGB)



အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၉-၁၁-၂၀၂၆ ညနေ ၆း၃၀ နာရီ	အဲဗာတန် - လီဗာပူး	အဲဗာတန် ၁-၂ လီဗာပူး လီဗာပူး ၂-၁ အဲဗာတန်
၂၉-၁၁-၂၀၂၆ ည ၈း၃၅ နာရီ	ဘရိုက်တန် - နယူးကာဆယ်	ဘရိုက်တန် ၂-၁ နယူးကာဆယ် နယူးကာဆယ် ၃-၁ ဘရိုက်တန်
〃	ပဲလေ့စ် - ဟားလ်စီးတီး	ပဲလေ့စ် ၄-၀ ဟားလ်စီးတီး ဟားလ်စီးတီး ၃-၃ ပဲလေ့စ်
〃	ဖူလ်ဟမ် - ဘုန်းမောက်	ဖူလ်ဟမ် ၀-၁ ဘုန်းမောက် ဘုန်းမောက် ၃-၁ ဖူလ်ဟမ်
〃	ဆန်းဒါးလန်း - စပါး	ဆန်းဒါးလန်း ၁-၀ စပါး စပါး ၁-၁ ဆန်းဒါးလန်း
၂၉-၁၁-၂၀၂၆ ည ၁၁း၀၀ နာရီ	အာဆင်နယ် - မန်စီးတီး	အာဆင်နယ် ၁-၀ မန်စီးတီး မန်စီးတီး ၂-၁ အာဆင်နယ်

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၄) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၉-၁၁-၂၀၂၆ ည ဂး၃၀ နာရီ	ဗလင်စီယာ - အိုဆာဆူနာ	ဗလင်စီယာ ၁-၀ အိုဆာဆူနာ အိုဆာဆူနာ ၁-၀ ဗလင်စီယာ
၂၉-၁၁-၂၀၂၆ ည ၉း၄၅ နာရီ	ဒီပို့တီပို - ဘာစီလိုနာ	ဒီပို့တီပို ၂-၄ ဘာစီလိုနာ ဘာစီလိုနာ ၄-၀ ဒီပို့တီပို
၃၀-၁၁-၂၀၂၆ နံနက် ၀း၀၀ နာရီ	ဆဲလ်တာဗီဂို - ဗိလာရီးရဲလ်	ဆဲလ်တာဗီဂို ၁-၁ ဗိလာရီးရဲလ် ဗိလာရီးရဲလ် ၂-၁ ဆဲလ်တာဗီဂို
၃၀-၁၁-၂၀၂၆ နံနက် ၀း၃၀ နာရီ	ဆိုစီဒက် - ဆီဗီလာ	ဆိုစီဒက် ၂-၁ ဆီဗီလာ ဆီဗီလာ ၁-၀ ဆိုစီဒက်

ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၉-၁၁-၂၀၂၆ ည ၉း၀၀ နာရီ	ဖရိုင်းဘတ် - လိုက်ပဇစ်	ဖရိုင်းဘတ် ၄-၁ လိုက်ပဇစ် လိုက်ပဇစ် ၂-၀ ဖရိုင်းဘတ်
၂၉-၁၁-၂၀၂၆ ည ၁၁း၀၀ နာရီ	ဟော့ဖန်ဟိမ်း - အော့စ်ဘတ်	ဟော့ဖန်ဟိမ်း ၃-၀ အော့စ်ဘတ် အော့စ်ဘတ် ၂-၂ ဟော့ဖန်ဟိမ်း
၃၀-၁၁-၂၀၂၆ နံနက် ၀း၀၀ နာရီ	ဒေါ့မွန် - လေဗာကူဆင်	ဒေါ့မွန် ၀-၁ လေဗာကူဆင် လေဗာကူဆင် ၁-၂ ဒေါ့မွန်

အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၈) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၉-၁၁-၂၀၂၆ ညနေ ၆း၃၀ နာရီ	ဆွမ်ဆီး - ကာဒစ်ဖ်	ဆွမ်ဆီး ၁-၁ ကာဒစ်ဖ် ကာဒစ်ဖ် ၃-၀ ဆွမ်ဆီး

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၉-၁၁-၂၀၂၆ တနင်္ဂနွေနေ့	ညနေ ၄း၃၀ နာရီ	Ispe FC - ချင်းလန်း	Ispe FC ၂-၂ ချင်းလန်း ချင်းလန်း ၂-၁ Ispe FC
〃	ညနေ ၄း၀၀ နာရီ	ဒဂုံ - ရန်ကုန်	ဒဂုံ ၀-၁ ရန်ကုန် ရန်ကုန် ၄-၀ ဒဂုံ

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၉-၁၁-၂၀၂၆ ည ၈း၃၀ နာရီ	အော်ဇေး - မာဆေးလ်	အော်ဇေး ၀-၁ မာဆေးလ် မာဆေးလ် ၁-၀ အော်ဇေး
၂၉-၁၁-၂၀၂၆ ည ၁၁း၄၅ နာရီ	တူးလောဇ် - ရင်းနက်စ်	တူးလောဇ် ၂-၂ ရင်းနက်စ် ရင်းနက်စ် ၁-၀ တူးလောဇ်
၃၀-၁၁-၂၀၂၆ နံနက် ၀း၃၅ နာရီ	လိုင်ယွန် - မိုနာကို	လိုင်ယွန် ၁-၂ မိုနာကို မိုနာကို ၁-၃ လိုင်ယွန်

ပြင်ဦးလွင်မြို့တွင် ပြည်သူ့လွှတ်တော်တောင်သူလယ်သမားရေးရာကော်မတီနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ တွေ့ဆုံပွဲကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ၊ ပြင်ဦးလွင်မြို့တွင် ပြည်သူ့လွှတ်တော်တောင်သူလယ်သမားရေးရာကော်မတီ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့နှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ တွေ့ဆုံပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ တာဝန်ရှိသူများနှင့်ကျေးရွာအုပ်စုများမှ တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ၊ ကန့်ဘလူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်တောင်သူလယ်သမားရေးရာကော်မတီ အတွင်းရေးမှူး၊ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဌေးက မိတ်ဆက်အမှာစကား ပြောကြားပြီး၊ ပြည်သူ့လွှတ်တော်တောင်သူလယ်သမားရေးရာကော်မတီအဖွဲ့ဝင်များက မိတ်ဆက်ကြကာ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များက မိတ်ဆက်ခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တောင်သူလယ်သမားကိုယ်စားလှယ်များက မိမိတို့သိရှိလိုသည်များအား ဆွေးနွေးမေးမြန်းခဲ့ရာ သက်ဆိုင်ရာဌာနများမှ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်ပြန်လည်ဖြေကြားခဲ့ပြီး ပြည်သူ့လွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ ဥက္ကဋ္ဌ၊ ကန့်ဘလူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ခရိုင်(ပြန်/ဆက်)





လုပ်ငန်းရှင်များအား အခွန်ကောက်ခံခြင်းကိစ္စနှင့် ပတ်သက်၍ ပညာပေးဆွေးနွေး

ဒကွိဏ နိုဝင်ဘာ ၂၈

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ ဒကွိဏသီရိမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ လုပ်ငန်းရှင်များအား အခွန်ကောက်ခံခြင်းကိစ္စနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက ဒကွိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဒကွိဏသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒေါ်နုဝါလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ သီရိ(၅)မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ခင်ငုဝါရွှေက အခွန်ကောက်ခံခြင်းကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒကွိဏသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ သီရိ(၅)မြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အခွန်ထမ်းပြည်သူများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

သျှင်ဦးမောင်(ဒကွိဏ)

၀-၀-၀-၀-၀



စားအုန်းဆီကိုယ်စားလှယ်အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ စားအုန်းဆီဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၂၇ရက် နံနက် ၈ နာရီခွဲက မြို့ပေါ်ရှိ စားအုန်းဆီလက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချနေသည့် ကိုယ်စားလှယ်အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့နယ် စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွှန့်ရွှေနှင့် အဖွဲ့ဝင်များသည် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ လိုက်ပါလျက် မြို့ပေါ်ရှိ စားအုန်းဆီလက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချနေသည့် ဝင်းထိုက်ဆီဆိုင်၊ ပလာဇာအရောင်းဆိုင်နှင့် ဒေါ်ရီရီမြင့် ဆီကိုယ်စားလှယ်အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ ထိုသို့ စစ်ဆေးရာတွင် စားအုန်းဆီ လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချနေသည့် ကိုယ်စားလှယ်အရောင်းဆိုင်များအနေဖြင့် သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ဗီနိုင်းများ ချိတ်ဆွဲရောင်းချခြင်း ရှိ၊ မရှိ၊ အလေးချိန်မှန်ကန်မှု ရှိ၊ မရှိ၊ ဆီထုတ်စာအုပ်များဖြင့် စနစ်တကျ ထုတ်ပေးခြင်း ရှိ၊ မရှိနှင့် ခွဲတန်းရရှိသော ဆီပိသာချိန်များကို စားသုံးသူရေးရာဦးစီးဌာနမှ ချမှတ်ထားသော မှန်ခြောက်မှန်နှင့်အညီ ပြည်သူများအား အမှန်တကယ်ရောင်းချပေးခြင်း ရှိ၊ မရှိ စစ်ဆေးခဲ့ကြပြီး ဆီလာရောက်ထုတ်ယူသည့် ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် ပတ်သကသော အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

(အပေါ်ပုံ)(၄၅၆)



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်မီးသတ်တပ်ဖွဲ့မှ အမှတ်(၆)ရပ်ကွက်ရှိ အုတ်ဖိုလ်တိုက်ဘုန်းတော်ကြီးကျောင်းအား သောက်သုံးရေ ဂါလန် ၁၆၀၀ကို ယနေ့ နံနက် ၈နာရီခွဲက လှူဒါန်းစဉ်။

(ကဆ)

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ပင်စင်လစာငွေများကို လစဉ်ပုံမှန်ထုတ်ပေးလျက်ရှိ

ကျောက်ဆည် နိုဝင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ပင်စင်လစာငွေများကို ယမန်နေ့ နံနက် ၅ နာရီ ၁၅ မိနစ်မှ စတင်၍ စနစ်တကျထုတ်ပေးလျက်ရှိသည်။ (အောက်ပုံ)

အဆိုပါပင်စင်လစာများ ထုတ်ပေးရာတွင် မြန်မာ့စီးပွားရေးဘဏ်(ကျောက်ဆည်) ပင်စင်ဌာနမှ မန်နေဂျာနှင့် ဝန်ထမ်းများက ကြီးကြပ်၍ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာထုတ်ယူရာတွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ အကြောင်းကြောင်းကြောင့် ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ခြင်း မရှိသူများအနေဖြင့် ၄င်း၏ မိသားစုဝင်တစ်ဦးက ကိုယ်စားလှယ်လွှဲစာဖြင့် လည်းကောင်း ကိုယ်စားလာရောက်ထုတ်ယူနိုင်ပြီး မြန်မာ့စီးပွားရေးဘဏ်တွင် လစဉ်ပင်စင် လစာငွေများထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားဦးရေ ၄၉၀၀ဦး ရှိပြီး UID ကတ်များ ရရှိရန်အတွက်လည်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကျန်းမာရေးမကောင်းမွန်သော ပင်စင်စားများအား Video Call ဖြင့် လူတွေ့စစ်ဆေးခြင်း၊ သွားလာရန်ခက်ခဲပြီး အင်တာနက်လိုင်းမရရှိသော ကျေးရွာများသို့ ပင်စင်ဌာနမှ မန်နေဂျာနှင့် ဝန်ထမ်းများက အဖွဲ့ဖွဲ့၍ အိမ်တိုင်ရာရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ စုစုအေး(ကျောက်ဆည်)





အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများ ကျင်းပ၊ ဆုများ ချီးမြှင့်

မန္တလေး နိုဝင်ဘာ ၂၈

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၆ လမ်းရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(မန္တလေး)တွင် ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အကြိုအားကစားပြိုင်ပွဲတွင် ကျောပိုးအိတ်ထဲ ပစ္စည်းထည့်ဇစ်ပိတ် အပြေးပြိုင်ပွဲ၊ စက်ဝိုင်း၊ ကြိုဂံ၊ စတုရန်းပုံသဏ္ဌာန်များဆက်၍ အပြေးပြိုင်ပွဲ၊ ရေဘူးထဲ ခဲတံထည့်အပြေးပြိုင်ပွဲ၊ အာလူးကောက်အပြေးပြိုင်ပွဲ၊ သံပရာသီးဇွန်းကိုက်အပြေးပြိုင်ပွဲ၊ ဗန်းရွက်ပြိုင်ပွဲ၊ ဖားခုန်ပြိုင်ပွဲများ ကျင်းပပြီး ဆုရမသန်စွမ်းကျောင်းသား၊ ကျောင်းသူများအား မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူးနှင့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်းမှ ကျောင်းအုပ်နှင့် ဆရာမများက ဆုများ ချီးမြှင့်ခဲ့ကြသည်။

ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အကြိုအားကစားပြိုင်ပွဲများကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲမှ ကြီးမှူး၍ ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

၀-၀-၀-၀-၀

အနာဂတ်ဘဝ လုံခြုံစိတ်ချစေဖို့
အမှိုက်လျှော့ချကြပါစို့။



အိမ်တွင်းတစ်နိုင်တစ်ပိုင် သစ်ခွစိုက်ပျိုး၍ အပိုဝင်ငွေရှာဖွေနိုင်

မန္တလေး နိုဝင်ဘာ ၂၈

မိသားစုဝင်ငွေတိုးပွားစေရန် အိမ်တွင်း၌ တစ်နိုင်တစ်ပိုင် သစ်ခွပန်းစိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရှာဖွေနိုင်ကြောင်း သစ်ခွစိုက်ပျိုးသူများထံမှ သိရသည်။

သစ်ခွပန်းသည် အရောင်အသွေးစုံလင်ပြီး ပန်းပွင့်ကြာရှည်ခံသည့်အတွက် အိမ်အလှဆင်ခြင်း၊ မင်္ဂလာပွဲနှင့် အလှူပွဲများတွင် အသုံးပြုမှုရှိသည့် ပန်းမျိုးတစ်မျိုးဖြစ်သည်။

သစ်ခွစိုက်ပျိုးရာတွင် နေရာကျယ်ဝန်းရန် မလိုအပ်ဘဲ အိမ်ဝရန်တာ၊ အိမ်ရှေ့နှင့် အိမ်ဘေးရှိ အလင်းရောင် သင့်တင့်စွာရရှိပြီး လေဝင်၊ လေထွက်ကောင်းသည့် နေရာများတွင် စိုက်ပျိုးနိုင်သည်။ သို့သော် သစ်ခွမျိုးအလိုက် လိုအပ်သည့် အလင်းရောင်၊ ရေပေးသွင်းမှုနှင့် အာဟာရဓာတ်များ ကွာခြားသည့်အတွက် သင့်တော်သည့် ပြုစုစောင့်ရှောက်မှုများ ပြုလုပ်ပေးရန် လိုအပ်သည်။

စတင်စိုက်ပျိုးလိုသူများ အနေဖြင့် မိမိတို့၏ ရင်းနှီးမြှုပ်နှံနိုင်မှုနှင့် ကိုက်ညီသည့် သစ်ခွမျိုးများကို အနည်းငယ်စီ စတင်ဝယ်ယူစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးမှုအတွေ့အကြုံရှိသူများထံမှ နည်းပညာများ လေ့လာသင်ယူသင့်သည်။

သစ်ခွပန်းများ ပွင့်လာပါက ပန်းပင်များကို တိုက်ရိုက်ရောင်းချခြင်း၊ အပင်ငယ်များ ခွဲယူရောင်းချခြင်းနှင့် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် အွန်လိုင်းရောင်းချခြင်းတို့ဖြင့် ဝင်ငွေရှာဖွေနိုင်သည်။ ထို့အပြင် ဈေးကွက်အတွင်း ဝယ်လိုအားရှိသည့်သစ်ခွမျိုးများကို လေ့လာရွေးချယ်စိုက်ပျိုးရန်လည်း လိုအပ်သည်။

သစ်ခွစိုက်ပျိုးရေးလုပ်ငန်း စတင်လုပ်ကိုင်ရာတွင် အပင်ဝယ်ယူစရိတ်၊ အိုးနှင့် စိုက်ပျိုးပစ္စည်းစရိတ်၊ ရေနှင့် အာဟာရဖြည့်စွက်ပစ္စည်းစရိတ်များကို ကြိုတင်တွက်ချက်ထားရန် လိုအပ်ပြီး အပင်များ ကြီးထွားရှင်သန်ရန် အချိန်ယူရသည့်အတွက် စိတ်ရှည်စွာ ပြုစုစောင့်ရှောက်သင့်သည်။

သို့ဖြစ်ရာ အိမ်တွင်းရှိနေရာလွတ်များကို အသုံးချ၍ သစ်ခွပန်းများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းသည် အိမ်တွင်းအသေးစားစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်နိုင်ပြီး မိသားစုဝင်ငွေတိုးပွားရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

(အပေါ်ဝဲပုံ)

ကျော်ဇေယျ(မန္တလေးနေ့စဉ်)

ဒီဇင်ဘာလအတွင်း မန္တလေးတွင် ညပိုင်းအအေးလျော့ကျ၍ မြူထူဆိုင်းမည့်ရက် ၁၅ ရက်အထိရှိနိုင်



မန္တလေး နိုဝင်ဘာ ၂၈

၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း မန္တလေးတိုင်းဒေသကြီး၌ ညအပူချိန်သည် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်နှင့် အထက်ပိုနိုင်သဖြင့် ညပိုင်းအအေးလျော့ကျနိုင်ပြီး နံနက်ပိုင်းတွင် မြူထူဆိုင်းမည့်ရက် ၁၁ ရက်မှ ၁၅ ရက်ခန့်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်အရ သိရသည်။

ဒီဇင်ဘာလအတွင်း မန္တလေးတိုင်းဒေသကြီး၌ မိုးရွာသွန်းမှုသည် ရွာသွန်းမြဲခန့်ရှိနိုင်ပြီး မိုးထစ်ချုန်းရွာသွန်းမည့် ရက်သုံးရက်မှ ခြောက်ရက်ခန့်ရှိနိုင်သည်။ နေ့အပူချိန်မှာလည်း ဒီဇင်ဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ **(အပေါ်ပုံ)**

မြစ်ရေအခြေအနေအရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် လက်ရှိရေမှတ်အောက် နှစ်ပေမှ သုံးပေခန့်အထိ ကျဆင်းလာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် လက်ရှိရေမှတ်အောက် နှစ်ပေခွဲမှ သုံးပေခွဲခန့်အထိ ကျဆင်းလာနိုင်ကြောင်း ခန့်မှန်းထားသည်။

ထို့ပြင် ဒီဇင်ဘာလအတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်တွင် ဖော်ပြထားသည်။

သို့ဖြစ်၍ ဒီဇင်ဘာလအတွင်း မိုးစပါးရိတ်သိမ်းမည့်တောင်သူများအနေဖြင့် မိုးရွာသွန်းရက်များကို အထူးဂရုပြုရိတ်သိမ်းသင့်ပြီး သီးနှံများကို အမိုးအကာများထဲ အမြန်ဆုံးပြောင်းရွှေ့ရန် လိုအပ်ကြောင်း အကြံပြုထားသည်။ **(မန္တလေးနေ့စဉ်-၆)**

အိန္ဒိယနိုင်ငံသို့ ကွမ်းသီးတင်ပို့မှု သုံးပုံနှစ်ပုံခန့် လျော့ကျလာ ပြည်တွင်းကွမ်းသီးဈေးကျဆင်းနေ

မန္တလေး နိုဝင်ဘာ ၂၈

အိန္ဒိယနိုင်ငံသို့ ကွမ်းသီးတင်ပို့မှုမှာ ယခင်နှစ်ကာလတူထက် သုံးပုံနှစ်ပုံခန့် လျော့ကျလာခြင်းနှင့် ကန့်သတ်ချက်များကြောင့် ပြည်တွင်းကွမ်းသီးဈေးကွက်တွင် ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း မွန်ပြည်နယ်၊ ရေးမြို့နယ်မှ ကွမ်းစိုက်တောင်သူများနှင့် ကုန်သည်များထံမှ သိရသည်။

ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံဘက်မှ ကွမ်းသီးတင်သွင်းခွင့် ကန့်သတ်မှုများ ရှိနေခြင်းနှင့် အခွန်အကောက် များပြားခြင်းတို့ကြောင့် အဝယ်လိုက်မှု နည်းပါးကာ ဈေးနှုန်းကျဆင်းနေခြင်းဖြစ်သည်။ ထို့ပြင် ယခုနှစ် ရေးဒေသထွက် ကွမ်းသီးအချို့မှာ စနစ်တကျ အခြောက်မလှန်းဘဲ ရောင်းချကြသဖြင့် အရည်အသွေးပိုင်း အားနည်းချက်များရှိနေခြင်းကလည်း ဈေးကွက်အပေါ် သက်ရောက်မှု ရှိနေသည်။

'ကွမ်းသီးခြောက်က ပြီးခဲ့တဲ့ စက်တင်ဘာလအစကတည်းက ဈေးကျနေတာပါ။ လက်ကားတစ်ပိဿာကို ငွေကျပ် ၄၀၀၀ လောက်အထိ ဈေးကျသွားတာတွေ ရှိတယ်။ အိန္ဒိယဘက်က အဝယ်မလိုက်ဘဲ တင်ပို့မှုက အရင်နှစ်တွေထက် ထက်ဝက်ကျော် လျော့ကျသွားတယ်။အခွန်အခတွေကလည်း များတယ်။ နောက်ပြီး သေချာခြောက်အောင်မလှန်းဘဲ ရောင်းကြတော့ ပွဲရုံတွေမှာ ကြာကြာသိုလှောင်လို့ မရတော့ဘူး။ဝယ်လက်အကြိုက်နည်းသွားတော့ ဈေးကွက်ထိခိုက်တာပေါ့' ဟု ကွမ်းသီးပွဲရုံပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ရေးမြို့နယ် ဒေသထွက် ကွမ်းသီးခြောက် ဈေးနှုန်းများမှာ ပြီးခဲ့သည့် ဩဂုတ်လအထိ တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀၀ မှ ၁၃၀၀၀ အထိ ရှိခဲ့သော်လည်း စက်တင်ဘာလမှ နိုဝင်ဘာလဆန်းအထိ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ မှ ၉၀၀၀ အထိသာ ဈေးရရှိတော့သည်။ အလားတူ ကွမ်းသီးအစိုဈေးမှာလည်း ယခင်တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ ရှိခဲ့ရာမှ လက်ရှိတွင် ငွေကျပ် ၆၀၀၀ အထိ ကျဆင်းသွားကြောင်း ဒေသခံကွမ်းသီးဒိုင်များထံမှ သိရသည်။

လက်ရှိတွင် ဈေးကောင်းပြန်ရရန် မျှော်လင့်ချက်ဖြင့် သိုလှောင်ထားသည့် ဒိုင်အချို့ရှိသော်လည်း အခြောက်မလှန်းရသေးသည့် ကွမ်းသီးများကိုမူ ပြည်တွင်းဈေးကွက်၌ ပေါက်ဈေးထက် အနည်းငယ်လျော့၍ ရောင်းချနေရပြီး ကွမ်းသီးနုများကို တရုတ်နိုင်ငံသို့ အနည်းငယ်တင်ပို့နေရသည်။

ကွမ်းသီးခြောက် လက်ကားဈေးများ ကျဆင်းနေသော်လည်း ပြည်တွင်းလက်လီဈေးကွက်၌မူ အရည်အသွေးအလိုက် တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ မှ ၁၈၀၀၀ အတွင်း ပေါက်ဈေးရှိနေသည်။

ကုန်သွယ်မှုစာရင်းများအရ မြန်မာတစ်နိုင်ငံလုံးတွင် ကွမ်းသီးစိုက်ဧက ၂၅၀၀၀၀ ကျော်ရှိပြီး နှစ်စဉ်တန်ချိန် ၂၃၀၀၀၀ ခန့် ထွက်ရှိကာ မွန်ပြည်နယ်အတွင်း စိုက်ဧက ၅၀၀၀၀ ကျော်မှ တန်ချိန် ၉၀၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

ရွှေမန်း



ဘုရားပွဲရာသီတွင် ကျွဲကောသီးဈေးမြင့်တက် အလုံးကြီးတစ်လုံး ငွေကျပ် ၈၀၀၀ ထိ ဈေးကောင်းရရှိ

မန္တလေး နိုဝင်ဘာ ၂၈



သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလ ဘုရားပွဲရာသီတွင် ကျွဲကောသီးဝယ်လိုအား မြင့်တက်လာခြင်းကြောင့် ဈေးကွက်အတွင်း ကျွဲကောသီးဈေးနှုန်းများ ပုံမှန်ကာလထက် အနည်းငယ်မြင့်တက်နေပြီး အလုံးကြီးတစ်လုံးလျှင် ငွေကျပ် ၈၀၀၀၊ အလုံးသေးတစ်လုံးလျှင် ငွေကျပ် ၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

ကျွဲကောသီးသည် အချဉ်နှင့် အချိုအရသာ နှစ်မျိုးရှိပြီး အသီးအသားအရောင်မှာ အဖြူရောင်နှင့်ပန်းရောင်ဟူ၍ ရှိသည်။ ကျွဲကောပင်သည် ရှောက်၊ သံပရာနှင့် လိမ္မော်ပင်မျိုးရင်းဝင် အပင်တစ်မျိုးဖြစ်ပြီး အသီး၏အခွံမှာ ထူကာ အစိမ်းရောင်ရှိပြီး ရင့်မှည့်လာချိန်တွင် အဝါရောင်သို့ ပြောင်းလဲသည်။

ကျွဲကောပင်ကို အစေ့မှလည်းကောင်း၊ မြေထုတ်စနစ်နှင့် ကိုင်းကူးကိုင်းဆက်နည်းများဖြင့်လည်းကောင်း မျိုးပွားစိုက်ပျိုးကြသည်။ အစေ့တိုက်ရိုက်စိုက်ပျိုးပါက အပင်သက်တမ်း ငါးနှစ်မှ ခြောက်နှစ်အကြာတွင် အသီးစတင်သီးနိုင်ပြီး ကိုင်းကူးကိုင်းဆက်နည်းဖြင့် စိုက်ပျိုးပါက လေးနှစ်ကျော်ခန့်တွင် အသီးသီးနိုင်သည်။

ကျွဲကောသီးများသည် တော်သလင်းနှင့် ပြာသိုလများတွင် လှိုင်လှိုင်ထွက်ရှိလေ့ရှိပြီး အိမ်ခြံဝင်းများအတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသကဲ့သို့ စီးပွားဖြစ်ခြံများဖြင့်လည်း စိုက်ပျိုးကြသည်။ ပြည်မြို့နှင့် ရွှေတောင်မြို့အနီး တစ်ပိုက်တွင် ကျွဲကောသီးများ စိုက်ပျိုးထွက်ရှိသည်။

ဒေသထွက်ကျွဲကောသီးများကို ဝယ်လက်များက ခြံလုံးပြတ်ဝယ်ယူပြီး တစ်ဆင့်ပြန်လည် ရောင်းချခြင်း၊ ကုန်စည်ဒိုင်များသို့ တင်ပို့ခြင်းနှင့် လက်လီအသီးဆိုင်များသို့ ဖြန့်ဖြူးခြင်းတို့ ပြုလုပ်ကြသည်။ ထို့ပြင် ပီနံအိတ်များဖြင့် ထုပ်ပိုးကာ ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

(အပေါ်ပုံ)ရွှေမန်း

အတွေးအမြင်ကဏ္ဍ

အိမ်ကြီးသခင် မေတ္တာရှင်

မောင်ငြိမ်းဝေ

စာရေးသူ၏ အိမ်ရှင်မထံက 'ဒီကနေ့ ဘာချက်ရပါ့' ဆိုတဲ့ အသံ နေ့စဉ်လို ကြားနေရပါသည်။ အထူးသဖြင့် မိသားစုကို အဆင်ပြေအောင် ထိန်းရမယ်ဆိုသည့် တာဝန်ရှိနေတော့ စိတ်ပင်ပန်းမှု၊ စိုးရိမ်မှု၊ အားငယ်မှတွေ ဖြစ်လာတာ သဘာဝပါပဲ။ သို့ပေမယ့် ဒီအခြေအနေကို 'စိတ်ဖျက်ခြင်း' နှင့် မဟုတ်ဘဲ 'ဉာဏ်ပညာနဲ့စီမံခြင်း' ဆိုသည့်ဘက်က ကြည့်နေမိပြီး အိမ်ရှင်မသည်လည်း သူ၏စိတ်ကို တည်ငြိမ်စေဖို့သာလျှင် ဖြစ်စေပါသည်ဟု ထင်မြင်မိပါသည်။ ဒီကနေ့သည် ကိုယ်တစ်ဦးတည်းမဟုတ်ဘဲ အကြောင်းအမျိုးမျိုးသော အခြေအနေများကြောင့် သာဟု ဆင်ခြင်မိခြင်းသည် စိတ်သက်သာရာရစေပါတယ်။

ယနေ့ခေတ်ကာလတွင် ကမ္ဘာ့အနှံ့အပြား၌ စီးပွားရေးမတည်ငြိမ်မှုများ၊ ကုန်ဈေးနှုန်းမြင့်မားမှုများနှင့် ရင်ဆိုင်နေကြရပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဤအခြေအနေ၌ ပိုမိုဆိုးရွားပြီး မိသားစုများ၏ နေ့စဉ်စားဝတ်နေရေးကို ကြီးမားစွာ ထိခိုက်စေလျက်ရှိပါသည်။ ဝင်ငွေနှင့် ကုန်ဈေးနှုန်းအကြား ကွာဟချက်များမှာ ပိုမိုကျယ်ပြန့်လာရာ မိသားစုဘဝရပ်တည်ရေးအတွက် အိမ်ရှင်မများ၏ အခန်းကဏ္ဍသည် ပိုမိုအရေးပါလာပါသည်။ အိမ်ရှင်မများသည် မီးဖိုချောင်၏စစ်သူကြီးများပမာ မိသားစုစားဝတ်နေရေးကို ကျွမ်းကျင်စွာ စီမံခန့်ခွဲနေကြရပါသည်။ အိမ်ရှင်မတစ်ဦး၏ နေ့စဉ်ဘဝဟာ နံနက် မိုးမလင်းမီကပင် စတင်လှုပ်ရှိပါသည်။ မိသားစုအတွက် နံနက်စာပြင်ဆင်ခြင်း၊ ကလေးများကျောင်းပို့ခြင်း၊ ဈေးဝယ်ထွက်ခြင်း စသည့် လုပ်ငန်းဆောင်တာများဖြင့် အချိန်ကုန်လွန်ရ ရှာသည်။ ယခင်က ဈေးဝယ်ခြင်းသည် ရိုးရှင်းသော လုပ်ငန်းတစ်ခုဖြစ်ပေမယ့် ယခုအခါတွင် စိတ်ခေါ်မှုများစွာဖြင့် ပြည့်နှက်နေပါသည်။ ဈေးထဲသို့ ရောက်သည်နှင့် အိမ်ရှင်မများသည် မည်သည့်ပစ္စည်းကို ဝယ်ရမယ်၊ မည်သည့်ပစ္စည်းကို ချန် လပ်ထားရမယ်၊ မည်သည့်ဆိုင်တွင် ဈေးနှုန်းသက်တာတယ် စသည်တို့ကို အချိန်တိုအတွင်း ဆုံးဖြတ်ရပါသည်။ မိသားစုဝင်များ၏ အာဟာရပြည့်ဝစေရေးနှင့် ကျန်းမာရေးကိုလည်း ထည့်သွင်းစဉ်းစားရသည့်အတွက် အိမ်ရှင်မများ၏ ဆုံးဖြတ်ချက်များသည် အလွန်အရေးကြီးပါသည်။ ဝင်ငွေနည်းပါးပြီး ကုန်ဈေးနှုန်းမြင့်မားနေချိန်တွင် အိမ်ရှင်မများသည် ဖန်တီးနိုင်စွမ်းနှင့် ဉာဏ်ပညာကို အပြည့်အဝအသုံးပြုကြရပါသည်။ ဥပမာအားဖြင့် အသား၊ ငါးဈေးမြင့်မားလာပါက ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်အမျိုးမျိုးဖြင့် အာဟာရပြည့်ဝသော အစားအစာများကို ပြင်ဆင်ကြရပါသည်။ အဝတ်အထည်အသစ်များ ဝယ်ယူရန် မတတ်နိုင်ပါက အဝတ်အဟောင်းများကို ပြန်လည်ပြုပြင်ခြင်း၊ အသွင်ပြောင်းလဲခြင်းတို့ဖြင့် အသုံးပြုလာကြရပါသည်။ လျှပ်စစ်မီး၊ ရေ၊ ဓာတ်ဆီ စသည့် အခြေခံလိုအပ်ချက်များ၏ ကုန်ကျစရိတ်များကို လျှော့ချရန် နည်းလမ်းမျိုးစုံကို ရှာဖွေကြရပါသည်။ ဤသို့ဖြင့် အိမ်ရှင်မများသည် မိသားစုဘဏ္ဍာရေးကို ထိန်းညှိကာ မိသားစုဝင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းကြရပါသည်။

မိမိတို့ခေတ် အခြေအနေအရ 'ချွေတာမှု'ကို ပြန်သင်ယူနေကြပါသည်။ ဟင်းလေးမျိုးမဟုတ်ဘဲ နှစ်မျိုး၊ ဈေးကြီး အသား၊ငါးများကို လျှော့ပြီး ပဲ၊ ဥ၊ ဟင်းသီးဟင်းရွက်များကို ပိုသုံးခြင်း၊ အပြင်စာစားခြင်းကို လျှော့ပြီး အိမ်ချက်ကိုသာ အခြေခံခြင်း၊ လိုအပ်တာနှင့် လိုချင်တာကို ခွဲခြားစဉ်းစားခြင်းတို့ဖြင့် 'အခြေအနေနှင့် လိုက်လျောညီထွေနေတတ်အောင်' ဗုဒ္ဓတရားနှင့်အညီ 'သန္တုဋ္ဌိ' ရသမျှနှင့် ကျေနပ်တတ်ခြင်း အလေ့အကျင့်များနှင့် ကျင့်ကြံနေထိုင်နေကြပါသည်။ ဒီလိုအချိန်မှာ အိမ်ထောင်တစ်ခု၏ အိမ်ရှင်မတစ်ယောက်သည် စိတ်ဖိစီးနေခြင်းမျိုး မဟုတ်ဘဲ ဘာတွေလိုအပ်တယ်၊ ဘာတွေလျှော့ချနိုင်တယ်၊ ဘယ်လို စုပေါင်းကူညီနိုင်တယ်ဆိုတာ သားသမီး၊ ခင်ပွန်းတို့နှင့် မိသားစုအချင်းချင်း တိုင်ပင်ပြောဆိုသင့်ပါသည်။

အိမ်ထောင်ဆိုတာ တစ်ယောက်တည်းထမ်းရသည့် အရာမဟုတ်ပါ။ 'တစ်မိသားစုလုံး စုပေါင်းလျှောက်ရတဲ့ လမ်း' ဖြစ်ပါသည်။ မိဘက အရာရာဖြည့်ဆည်းမပေးနိုင်တဲ့အခါ စိတ်မကောင်းဖြစ်ရပါသည်။ ဒါပေမဲ့ ကလေးတစ်ယောက်အတွက် အမှန်တကယ် အရေးကြီးတာက နွေးထွေးသည့် မိသားစုမေတ္တာ၊ အေးချမ်းသည့် အိမ်၊ ရိုးသားကြိုးစားတတ်သည့် မိသားစုပုံစံတွေပဲ ဖြစ်ပါသည်။ အချို့အိမ်များ၌ ပိုက်ဆံနည်းပေးမယ့် စိတ်ချမ်းသာတယ်၊ အချို့အိမ်များ၌ ပိုက်ဆံများပေမယ့် စိတ်ဖိစီးမှုများနေသည်။ ဒါကြောင့် 'မေတ္တာနဲ့ တည်ငြိမ်မှု'က မိသားစုအတွက် တန်ဖိုးကြီးလှပါသည်။ လောကသဘောဟာ တက်လိုက်၊ ကျလိုက်၊ အဆင်ပြေလိုက်၊ ကျပ်တည်းလိုက်ဖြင့် အမြဲပြောင်းလဲနေပါသည်။ ဗုဒ္ဓဘုရားရှင်သည် 'လောကဓံ ရှစ်ပါး'ကို သင်ကြားခဲ့ပါသည်။

ချမ်းသာခြင်း၊ ဆင်းရဲခြင်း
အမြတ်ရခြင်း၊ အနှုံးကြုံရခြင်း
ချီးမွမ်းခံရခြင်း၊ ကဲ့ရဲ့ခံရခြင်း

ဆိုတာတွေဟာ လောကဓံ၏ သဘာဝလှိုင်းများပါ။ ဒီအပြောင်းအလဲကြားတွင် စိတ်ကို မလှုပ်ရှားအောင် ထိန်းသိမ်းနိုင်ခြင်းက အရေးကြီးပါသည်။

အိမ်ရှင်မများ၏ ကြိုးပမ်းအားထုတ်မှုများသည် ရုပ်ပိုင်းဆိုင်ရာအရသာမက စိတ်ပိုင်းဆိုင်ရာအရပါ ခွန်အားများစွာ လိုအပ်ပါသည်။ နေ့စဉ်နှင့်အမျှ ကြုံတွေ့ရသော စိန်ခေါ်မှုများ၊ စိုးရိမ်ပူပန်မှုများကို ရင်ဆိုင်ဖြေရှင်းရင်း မိသားစုဝင်များအားလုံး စိတ်ချမ်းသာပျော်ရွှင်ရန် ကြိုးပမ်းကြရပါသည်။ အိမ်ရှင်မများ၏ မေတ္တာ၊ စေတနာနှင့် စွန့်လွှတ်အနှစ်အနှာခံနိုင်မှုတို့သည် မိသားစု၏ နိုင်မာသော အုတ်မြစ်ဖြစ်ပါသည်။ ဤသို့သော အိမ်ရှင်မများကို မီးဖိုချောင်ထဲက 'စစ်သူကြီးများ'ဟု တင်စားခေါ်ဝေါ်ခြင်းသည် လုံးဝမမှားပေ။ ၄င်းတို့သည် မိသားစုစားဝတ်နေရေးကို နေ့စဉ် ရင်ဆိုင်တိုက်ခိုက်နေကြရသော သူရဲကောင်းများပင် ဖြစ်ကြပါသည်။ ထို့ကြောင့် ယနေ့ခေတ်တွင် မိသားစုစားဝတ်နေရေးကို အကောင်းဆုံးစီမံခန့်ခွဲနေရသော အိမ်ရှင်မများအားလုံးကို 'အိမ်ကြီးသခင် မေတ္တာရှင်များ'အဖြစ် ဂုဏ်ပြုချီးကျူးအပ်ပါသည်။ အိမ်တစ်အိမ်ကို တိတ်တဆိတ် ထိန်းထားသည့် မေတ္တာသည် အိမ်ရှင်မများ၏ နှလုံးသားထဲတွင် ရှိနေတတ်တဲ့အတွက် မေတ္တာပို စိတ်ပူပန်မှုနဲ့ မလောင်ကျွမ်းစေဘဲ သတိ၊ ဉာဏ်၊ သည်းခံမှုတို့နဲ့ ထိန်းထားနိုင်ရင် မိသားစုအတွက် ကြီးမားသောအား ဖြစ်လာနိုင်စေပါသည်။

အချို့ အိမ်ရှင်မများသည် နံနက်ကနေ ည အထိ တွေးရ၊ စာရင်းတွက်ရ၊ စိတ်ပူရ၊ အနာဂတ် ကြောက်ရန့်နှင့် စိတ်ပင်ပန်းနေတတ်ပါသည်။ စိတ်ပင်ပန်းလာသည့်အခါ အလုပ်များကို ခေတ္တ ရပ်နားပြီး သတိလေးကပ်ကာ အသက်ရှူဝင်တာသိ၊ အသက်ရှူထွက်တာ သိ လုပ်ပေးခြင်းဖြင့် စိတ်ကလေးအနည်းငယ် အေးလာတတ်ပါသည်။ ဒါဟာ အာနာပါန သတိပဋ္ဌာန်ရဲ့ လက်တွေ့ အသုံးချမှုပဲ ဖြစ်ပါသည်။

သို့ဖြစ်ရာ အိမ်ရှင်မများ၏ မဆုတ်မနစ်သော ကြိုးပမ်းမှုများ၊ မေတ္တာတရားများနှင့် ဉာဏ်ပညာတို့သည် မိသားစုတိုင်း၏ အနာဂတ်ကို လင်းလက်စေသော မီးရှူးတန်ဆောင်များပင် ဖြစ်ပါတော့သည်။



မိသားစုနှင့်အတူ စာဖတ်ကြစို့ (Read Together) အစီအစဉ် ပြုလုပ်

မတ္တရာ နိုဝင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် ကလေးငယ်များ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ 'မိသားစုနှင့်အတူ စာဖတ်ကြစို့' (Read Together) အစီအစဉ်ကို ယနေ့ နံနက် ၉ နာရီက ခွန်အား မူကြိုကျောင်းတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အစီအစဉ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသူမြင့်က မိဘများအနေဖြင့် မိမိတို့၏ သားငယ်၊သမီးငယ်များကို အချိန်ပေးပြီး နေအိမ်တွင် အတူတကွ စာပေဖတ်ရှုခြင်း၊ ဖတ်ပြခြင်းဖြင့် သားငယ်၊ သမီးငယ်များမှာ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိမည်ဖြစ်ကြောင်းနှင့် မိဘများအနေဖြင့် သားငယ်၊သမီးငယ်များအား မိုဘိုင်းဖုန်းသုံးစွဲမှုလျှော့ချရေးနှင့် မိုဘိုင်းဖုန်းအား ကြာရှည်စွာ အသုံးပြုစေပါက ရရှိလာမည့် ဆိုးကျိုးများအကြောင်းကို အသိပညာပေးပြောကြားခဲ့သည်။

ထို့နောက် ခွန်အားမူကြိုမှ ဆရာမ ဒေါ်အွန်းဖွန်တီက မိမိတို့ကျောင်းသို့ ယခုလိုအသိပညာပေးအစီအစဉ်များ လာရောက်ပြုလုပ်ပေးခဲ့သည့်အတွက် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် မိဘများက မိမိတို့၏ သားငယ်၊ သမီးငယ်များနှင့် အတူ ပုံပြင်စာအုပ်များ၊ ကာတွန်းစာအုပ်များ ဖတ်ပြခြင်း၊ ကလေးငယ်များအား ပုံပြင်ပြောပြခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ယခုကဲ့သို့ အစီအစဉ်များကို အပတ်စဉ် ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝံပုံ) ရွှေရာသား

စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်မှ ရုံးအဆောက်အအုံများ ဆောက်လုပ်နေမှုအား လိုက်လံကြည့်ရှုစစ်ဆေး

စစ်ကိုင်း၊ နိုဝင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်မြင့်မြင့်သိန်းသည် စစ်ကိုင်းခရိုင်နှင့် မြို့နယ်စာရင်းစစ်ရုံး အဆောက်အအုံများ ဆောက်လုပ်နေမှုအား ယနေ့ နံနက်ပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ရုံး ညွှန်ကြားရေးမှူးတို့သည် စစ်ကိုင်းခရိုင် စာရင်းစစ်ရုံး အလျား ပေ ၆၀၊ အနံ ၄၈ ပေ၊ အမြင့် ၂၄ ပေရှိ RCC နှစ်ထပ်၊ စစ်ကိုင်းမြို့နယ် စာရင်းစစ်ရုံး အလျား ပေ ၆၀၊ အနံ ၄၃ ပေ၊ အမြင့် ၂၄ ပေရှိ RCC နှစ်ထပ် အဆောက်အအုံများ ဆောက်လုပ်နေမှုအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ခရိုင်၊ မြို့နယ် စာရင်းစစ်ဦးစီးမှူးများ၊ တာဝန်ခံဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီ ကောင်းမွန်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားလိုက်နာဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး လို အပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(အောက်ပုံ) နေလင်းအောင်(ပြန်/ဆက်)



"စာဖတ်သူလူငယ်များ၏ အနာဂတ်တောက်ပရမည်" (Young Readers, Bright Future) အစီအစဉ်ဖြင့် အသိပညာပေးဆောင်ရွက်

လားရှိုး နိုဝင်ဘာ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအတွက် "စာဖတ်သူလူငယ်များ၏ အနာဂတ်တောက်ပရမည်" (Young Readers, Bright Future) အစီအစဉ်ဖြင့် အသိပညာပေးဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂၆ ရက်က လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွဲဖက်ပြည်နယ်ရုံး (လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က ကျောင်းသား၊ ကျောင်းသူများအတွက် "စာဖတ်သူ လူငယ်များ၏ အနာဂတ် တောက်ပရမည်" (Young Readers, Bright Future) အစီအစဉ်အား အသိပညာပေးမိတ်ဆက်ခဲ့ပြီး "လူငယ်တွေ စာဖတ်ကြပါ" ဆောင်းပါးဖြင့် စာဖတ်ဝိုင်းအား ကျင်းပခဲ့ရာ အ.ထ.က (၃)၊ အ.လ.က (၅) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မိမိတို့ ဖတ်ရှုလေ့လာထားသည့် အလိုက် ဆောင်းပါးပါအကြောင်း အရာများအား ဆွေးနွေးခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးခဲ့ကာ လူငယ်စာပေကလပ်များ ဖွဲ့စည်းခဲ့သည်။

ထို့နောက် ပြည်သူ့စာကြည့်တိုက်တွင် လားရှိုးခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းနေလှိုင်က သတင်းအချက်အလက် မှန်ကန်မှုစစ်ဆေးနည်းအား လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်သန်းနွဲ့ဝင်းက လေ့လာရေးအတွက် စာကြည့်တိုက်အသုံးပြုနည်းအားလည်းကောင်း ကျောင်းသား၊ ကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ)

လူမော်(ပြန်/ဆက်)

(၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ကျင်းပ

ကျောက်ဆည် နိုဝင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဘက်စုံဖွံ့ဖြိုးသည့် ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ (၁၀၆) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများကို ယမန်နေ့က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။



ပြိုင်ပွဲများ ကျင်းပရာ၌ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "အမျိုးသားနေ့ကို ဂုဏ်ပြုဖို့ ဗဟငါးတန်နှင့်ပြည့်စုံစွို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် "အမျိုးသားနေ့၏ အားမာန်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "အမျိုးသားနေ့တည်တံ့ဖို့ တိုင်းရင်းသားအားလုံးစည်းလုံးစွို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် "ဘက်စုံပညာရေးဆီ တစ်မျိုးသားလုံး လှမ်းလို့ချီ" စသည့် ခေါင်းစဉ်များဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၈၅)

ပုံပြင်ပြောပွဲနှင့် ပုံဆွဲခြင်း လှုပ်ရှားမှုအစီအစဉ် ဆောင်ရွက်

ကျောက်ဆည် နိုဝင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် "ကျွန်ုပ်တို့ စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ"၊ "My Library, My World Campign" လှုပ်ရှားမှုတွင် "ကလေးတိုင်းစာဖတ်သူဖြစ်စေရမည် (Every Child a Reader)" အစီအစဉ်ဖြင့် ပုံပြင်ပြောပွဲနှင့် ပုံဆွဲခြင်းများကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနနှင့် ကလေးစာဖတ်ခန်း၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**



ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေး (Every Child a Reader) ခေါင်းစဉ်ဖြင့် ပြိုင်ပွဲများ ကျင်းပရသည့် ရည်ရွယ်ချက်များနှင့် လူငယ်များ စာအုပ်၊ စာပေ လေ့လာဖတ်ရှုခြင်းဖြင့် ဗဟုသုတကောင်းများရရှိလာစေခြင်းနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပုံပြင်ပြောပွဲတွင် အမှတ်(၁၆) အခြေခံပညာမူလတန်း(လွန်) ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

အဆိုပါလှုပ်ရှားမှုများအဖြစ် ရေးသူ၊ ဖတ်သူဆွေးနွေးပွဲများ၊ စာဖတ်စွမ်းရည် ပြိုင်ပွဲများ၊ မိသားစုစာဖတ်ဝိုင်းများ၊ သင်တန်းများ၊ "My Library, My World Campign" လှုပ်ရှားမှုအစီအစဉ်များကို ကျောက်ဆည်ခရိုင်လူထုအခြေပြုဗဟိုဌာနနှင့် ပြည်သူ့စာကြည့်တိုက်၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စုစုအေး(ကျောက်ဆည်)





ဖတ်စရာ၊ မှတ်စရာ ခုံလင်း ယနေ့

မန္တလေးနေ့စဉ်

* တစ်ကိုးကိုးခွန် နိုဝင်ဘာ သုံးဆယ်ရက်နေ့မှာ။
* မန္တလေးနေ့စဉ် သန္ဓေတည် စတင်မွေးဖွားသည်။
* နှစ်သုညနှစ်ခြောက် ခုနှစ်ရောက် နှစ်ဆယ့်ကိုးနှစ်မြောက်။
* နယ်မြို့သတင်း စုံလင်စွာ ကဗျာ၊ ကာတွန်းပါ။
* သုတရသ ဆောင်းပါးများ စုံစွာ ဖော်ပြထား။
* စည်ပင်သာယာ ကိစ္စတွေ ပြည်သူသိအောင်လေ။
* စဉ်ဆက်မပြတ် အသိပေး မြို့လူထုစိတ်အေး။
* တိကျမှန်ကန် သတင်းမှန် ပြည်သူတွေသိရန်။
* ဝိုင်းတော်သားများ ကြိုးပမ်းကြ နေ့၊ ညခွဲပြီးမှ။
* ကွန်ပျူတာ၊ စာပြင်၊ အယ်ဒီတာ ကြိုးစားလုပ်ဆောင်တာ။
* သုတေသန၊ ဖြန့်ချိရေး ရုံးအဖွဲ့ အားဖြည့်ပေး။
* အပြင်အဆင် ကောင်းကာရယ် ဒီဇိုင်းလည်း လှတယ်။
* အရည်သွေးက ထိပ်တန်းကျ ပုံနှိပ်လည်းကောင်းပဲ့။
* ပြည်သူများထံ အချိန်မှန် ရောက်ရှိရန် ရည်သန်။
* အများကင်းစွာ ထွက်ရှိရေး အဓိကဦးစားပေး။
* ရတုများကို ကျော်ဖြတ်ကာ ရှေ့ဆက်ကြိုးစားမှာ။
* မန္တလေးနေ့စဉ် တိုးတက်ဖို့ ဝိုင်းတော်သားတို့ ကြိုးစားစို့။ ။

အောင်မျိုးမြတ်(မန္တလေး)

သီတဂူစက္ခုဒါနတံတားဦးဆောင်ရုံ၌ မျက်စိဝေဒနာရှင် ၁၄၅၅ ဦးအား အခမဲ့ကုသနိုင်ခဲ့

ပုဏ္ဏူ နိုဝင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏စီစဉ်ပံ့ပိုးမှုဖြင့် ကေတုမတီသီတဂူဗုဒ္ဓတက္ကသိုလ် (တောင်ငူမြို့)မှ ဒေါက်တာအရှင်တိက္ခသာရဆရာတော်ဦးစီး၍ နိုပေါနိုင်ငံမှ မျက်စိအထူးကုပါရဂူဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံမှ မျက်စိအထူးကုပါရဂူဆရာဝန်ကြီးများနှင့် သီတဂူမြင့်မိုရ်စံစက္ခုဒါနအဖွဲ့ဝင်များ၊ ချောက်မြို့ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့် လက်ထောက်များ၊ မကွေးမြို့မျက်ခမ်းစပ်နှင့် မျက်မြင်ကာကွယ်တိုက်ဗျက်ရေးဌာနမှ ကျန်းမာရေးမှူးများနှင့် ဝန်ထမ်းများ၊ ပခုက္ကူခရိုင်ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက စတင်ပြီး ပခုက္ကူမြို့၊ အမှတ်(၁) ရပ်ကွက်ရှိ သီတဂူစက္ခုဒါနတံတားဦးဆေးရုံတော်၌ မျက်စိဝေဒနာရှင် ရဟန်း၊ သံဃာ၊ သီလရှင်၊ ပြည်သူများအား စမ်းသပ်စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းအထိ စမ်းသပ်စစ်ဆေးလူနာ ၁၃၃၄ ဦး၊ စုစုပေါင်း ၁၄၅၅ ဦးတို့အား အခမဲ့ကုသပေးနိုင်ခဲ့သည်။

ထိုသို့ကုသပေးနေမှုအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဝင်းမင်းလတ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ဦး၊ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြပြီး မျက်စိခွဲစိတ်လူနာများအား မျက်မှန်နှင့်ဆေးဝါးပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၆၀)





ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

မန္တလေး နိုဝင်ဘာ ၂၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင် အလှူငွေပေးအပ်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓမ္မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ B.A)ဟောကြားချီးမြှင့်သော ရေစက်ချတရားကို နာယူကြည်ညိုကြပြီး မန္တလေးမြို့နေ အလှူရှင် ဦးအောင်မြင့်သိန်း+ဒေါ်ချိုချိုမြင့်(ချိုချိုခေါင်းအုံးနှင့် မွေ့ရာဆိုင်၊ ယုဇနရုံ)၊ မြေညီထပ်၊ မန္တလေးအဆင့်မြင့်စျေးချို)မိသားစုက ဒေါ်ချိုချိုမြင့်၏ မွေးနေ့နှင့် နှစ်ဖက်မိဘများအား ရည်စူး၍ ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၃၁သိန်း၊ ဖြည့်စွက်လှူဒါန်းငွေ ကျပ် ငါးသိန်း စုစုပေါင်းငွေကျပ် ၃၆ သိန်းကို ပေးအပ်လှူဒါန်း ရာဥပဒေဘွဲ့မဟာအဖွဲ့ ဦးလှက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အပ္ပမာဒသော ကထိကဆရာတော်များ၊ သင်တန်းသား၊သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး သံဃာတော်တစ်ပါးချင်းစီအလိုက် လှူဖွယ်ပစ္စည်းများလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(PNT)**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ လှူဒါန်း

မန္တလေး နိုဝင်ဘာ ၂၈

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဦးသန်းထွဋ်+ဒေါ်စိုးမိုးအောင်မိသားစု Green Environmental Management Co., Ltd. နှင့် ဦးဘုန်းထက်ကျော်+ဒေါ်ရွှေရည်ဝင်းဖန်ိ SMG Design & Construction Co., Ltd. မိသားစုတို့က တန်ဖိုးငွေကျပ်သိန်း ၂၀၀ ရှိ Hospital Waste Water Treatment များကို လှူဒါန်းရာ ဆေးရုံကြီး၏ နာယက ဂုဏ်ထူးဆောင်ပါမောက္ခဒေါက်တာဦးမိတ်၊ ဆရာကြီး ဦးတင်မောင်၊ ကြီးကြပ်ရေးနှင့် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ သုဓမ္မမဏိဓောတရဒီးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။

(အောက်ပုံ) (ကဆ)



(၃၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ ကုန်းတော်ကြီး မင်္ဂလာစေတီဘုရား (၃၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲက အဆိုပါဘုရားကြီးတန်ဆောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ ပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ် ပူဇော်ပွဲ ဖွင့်ပွဲသို့ နာယက ဆရာတော်ကြီး ရှစ်ပါးနှင့် ပဋ္ဌာန်းကျမ်းရွတ်ဖတ်ပူဇော်မည့် သံဃာတော် ၂၆ ပါး စုစုပေါင်း ၃၄ ပါး ကြွရောက်တော်မူကြပြီး ကုန်းတော်ကြီး မင်္ဂလာစေတီဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များက သီရိမင်္ဂလာကျောင်း ဆရာတော်ဘဒ္ဒန္တသီရိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်၍ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ပဋ္ဌာန်းဖွင့်ပွဲကို ရှပ်သိမ်းလိုက်သည်။ ကုန်းတော်ကြီးမင်္ဂလာစေတီဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ တန်ဆောင်းမုန်းလပြည့်ကျော် ၃ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်အထိ ငါးရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပလေ့ရှိကြောင်း သိရသည်။

(၄၅၆)

လေဖြတ်ဝေဒနာခံစားနေသော ဆရာမကြီးတင်မမခိုင်(မန်းတက္ကသိုလ်)အား မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ သွားရောက်ကြည့်ရှုအားပေး

မန္တလေး နိုဝင်ဘာ ၂၈

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းအဖွဲ့ဝင်များသည် ယမန်နေ့ ညနေပိုင်းက လေဖြတ်ရောဂါဝေဒနာခံစားနေသော ဆရာမကြီးတင်မမခိုင်(မန်းတက္ကသိုလ်)၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာ့ဓာတာ-စာပေကမ္ဘာလာနီကျောက်မျက်ကုမ္ပဏီ) မိသားစုက ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဌေးကြွယ်၊ အတွင်းရေးမှူးဒေါက်တာဝင်းအောင်တို့က လက်ခံရယူကြသည်။ **(၀၆၃)**

(၃၈)ကြိမ်မြောက် ဒိုင်အိုစီဇင်သံတဲကျောင်း အ·ထ·က(၁၀) အာစရိယပူဇော်ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများက တက်ရောက်ကြရန်နှင့် အလှူငွေများပါဝင်လှူဒါန်းကြရန် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(၀၄၅)

ဒဗလူ ဒီဒီဒီ

ဒဗလူ ဒီဒီဒီ

ဒဗလူ ဒီဒီဒီ

တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်သူ ထိုင်းနိုင်ငံသား ၂၂ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာလ ၂၇ ရက် ည ၁၁ နာရီ ၄၀ မိနစ်အချိန်ခန့်က ဆန်ဆိုင်း(က)ရပ်ကွက်ရှိ Platinum Star Hotel သို့ သတင်းအရ သွားရောက်စစ်ဆေးရာ အခန်းအမှတ်(၃၀၃)နှင့် အခန်းအမှတ်(၃၀၈)တို့၌ အွန်လိုင်းလောင်းကစားပြုလုပ်နေသည့် ထိုင်းနိုင်ငံသား အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၁ ဦး၊ စုစုပေါင်း ၂၂ ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် Laptop မျိုးစုံ ၈ လုံး၊ ဖုန်းမျိုးစုံ ၂၉ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ထိုင်းနိုင်ငံသားများအား စိစစ်မေးမြန်းချက်များအရ ၎င်းတို့သည် ထိုင်းနိုင်ငံရှိ ပြည်နယ်အသီးသီးတွင်နေထိုင်၍ ကျပန်းအလုပ်လုပ်ကိုင်ကြသူများဖြစ်ကြောင်း၊ စက်တင်ဘာလ ပထမပတ်ခန့်တွင် Line Application မှတစ်ဆင့် အလုပ်အကိုင်ရှာဖွေခဲ့ရာ ထိုင်းနိုင်ငံသား နှင်ဖွန်ဆိုသူ နှင့်သိရှိခဲ့ပြီး နှင်ဖွန်မှ Online ပေါ်တွင် စာပြန်ပေးရသည့်အလုပ်ရှိကြောင်းနှင့် လုပ်ခလစာအဖြစ် ထိုင်းဘတ်ငွေ ၁၅၀၀၀ ပေးမည်ဖြစ်ကြောင်း ပြောဆိုသဖြင့် လက်ခံခဲ့ကြောင်း၊ နင်ဖွန်မှ မြန်မာနိုင်ငံ၊ တာချီလိတ်မြို့ရှိ Platinum Star Hotel သို့ လာရောက်ရန် ပြောဆိုသဖြင့် မြန်မာ-ထိုင်းနယ်စပ် အမှတ်(၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယာယီနယ်စပ်ဖြတ်ကျော်ဝင့်လက်မှတ်(TBP)ဖြင့် တာချီလိတ်မြို့သို့ အသီးသီးဝင်ရောက်ခဲ့ကြောင်း၊ တာချီလိတ်မြို့သို့ ရောက်ရှိချိန်တွင် အသင့်စောင့်ဆိုင်းနေသည့် ထိုင်းနိုင်ငံသားတစ်ဦးမှ Platinum Star Hotel အခန်းအမှတ်(၃၀၃)နှင့် (၃၀၈)သို့ ခေါ်ဆောင်သွားသဖြင့် လိုက်ပါခဲ့ကြောင်း၊ ထို့နောက် အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အဆင်မပြေဖြစ်ပါက Line Account မှတစ်ဆင့် ပြန်လည်ဖြေကြား ရှင်းလင်းပေးရာသည့် ဝန်ဆောင်မှုလုပ်ငန်းအား လေ့လာသင်ယူကာ ၎င်းတို့၏ Online Website ဖြစ်သည့် UFABET888 နှင့် g2g888 တို့တွင် စာပြန်ဖြေရသည့်အလုပ်ကို လုပ်ကိုင်ခဲ့ကြောင်း၊ တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်ရမှုအနေဖြင့် UFABET888 နှင့် g2g888 အွန်လိုင်းလောင်းကစားဂိမ်း website များတွင် Customer Service အဖြစ် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ Telegram နှင့် Viber တို့မှ AI Chat Bot စနစ်ဖြင့် အာရုံစိုက်မှုရရှိစေမည့် စာတိုများ ပေးပို့ရကြောင်း၊ ပစ်မှတ်မှ စာပြန်သောအခါ အွန်လိုင်းလောင်းကစား link များချပေးကာ ဆော့ကစားစေရန် ဆွဲဆောင်စည်းရုံးခြင်း၊ Website အသုံးပြုပုံအားရှင်းပြခြင်း၊ ငွေသွင်းနည်းလမ်းများနှင့် ယူနစ်ဖြည့်သွင်းမှုတို့အား စစ်ဆေးပေးခြင်း၊ Account နှင့် Password/OTP ပြဿနာများ ဖြေရှင်းပေးခြင်း၊ လောင်းကြေးမှတ်တမ်းစစ်ဆေးပေးခြင်း၊ အဆင်မပြေမှုများအား မှတ်တမ်းတင်၍ နေ့စဉ် Report ပြုစုခြင်းတို့ကို ဆောင်ရွက်ပေးရကြောင်း၊ ငွေလက်ခံခြင်းနှင့် အလျော်အစားပြုလုပ်ခြင်းအပိုင်းများအား ဆောင်ရွက်ရမှုမရှိကြောင်းနှင့် လစာအနေဖြင့် တစ်ဦးလျှင် ထိုင်းဘတ်ငွေ ၁၅၀၀၀ ရရှိကြောင်း သိရှိရသည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၁၀၀



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။





ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူ ထိုင်းနိုင်ငံသား အမျိုးသား ၁၁ ဦး(ဝဲပုံ)နှင့် အမျိုးသမီး ၁၁ ဦး(ယာပုံ)တို့အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်တွင် ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများမှ အွန်လိုင်းလိမ်လည်ရာတွင် အသုံးပြုသည့် Website များ။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သူနေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၄ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၈

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့်အတွက် ယနေ့အထိ တရားမဝင် အဆောက်အအုံ ၁၄ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း နှင့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား၊ လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၁၀ လုံး၊ စုစုပေါင်းအဆောက်အအုံ ၁၄ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၄၉ လုံးကိုလည်း စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

မြဝတီမြို့ အမှတ်(၅)ရပ်ကွက်အတွင်း တရားမဝင် ထိုင်းနိုင်ငံသားများအပါအဝင် လောင်းကစားဝိုင်း(ကာစီနို)လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၈

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကဏ္ဍအသီးသီးတို့တွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အဆင့်ဆင့်ချမှတ်၍ အလေးထားဆောင်ရွက်လျက်ရှိပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက်လည်း ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များက နယ်မြေလုံခြုံရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့များသည် နိုဝင်ဘာလ ၂၇ ရက် နံနက် ၁၁ နာရီခန့်တွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဖားခြောက်ကောင်လမ်းရှိ Grand Myawaddy ဟိုတယ်အတွင်း သတင်းအရ ရှာဖွေစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လောင်းကစားဝိုင်း(ကာစီနို)များ ကျူးလွန်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသား အမျိုးသား ၈ ဦးနှင့် အမျိုးသမီး ၇၁ ဦး စုစုပေါင်း ၇၉ ဦး၊ တရားမဝင် ထိုင်းနိုင်ငံသား အမျိုးသား ၂၇၂ ဦးနှင့် အမျိုးသမီး ၃၂၁ ဦး စုစုပေါင်း ၅၉၃ ဦးတို့ကို



ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား ကျူးလွန်လုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

လောင်းကစားမှုများလုပ်ကိုင်ရာတွင် အသုံးပြုသည့် Laptop ၁၈၅ လုံး၊ All in One ကွန်ပျူတာ ၁၉၂ လုံး၊ မော်နီတာ ၄၀ လုံး၊ CPU ၄၀ လုံးနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ဖုန်းမျိုးစုံ ၃၄၅ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ နိုဝင်ဘာလ ၂၇ ရက် နံနက် ၁၁ နာရီခန့်တွင် မြဝတီမြို့ အမှတ်(၅) ရပ်ကွက်ရှိ Myawaddy Complex အမည်ရှိနေရာအား ဝင်ရောက်စစ်ဆေးခဲ့ရာ အဆိုပါလောင်းကစားရုံအတွင်းမှ All in One ကွန်ပျူတာ ၁၀ လုံး၊ မော်နီတာ ၅၀ လုံး၊ CPU ၅၀ လုံး၊ UPS ၁၀ လုံးနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ဖုန်းမျိုးစုံ ၁၀ လုံး နှင့် ဖဲကစားခုံ ၂ ခုံတို့ကို ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့များသည် မြဝတီမြို့ အတွင်းရှိ ရပ်ကွက်များနှင့် လမ်းဆုံနေရာများတွင် လိုအပ်သည့်ရှာဖွေပိတ်ဆို့ စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အမှတ်(၅) ရပ်ကွက် ပါးတောလမ်းနေရာတစ်ဝိုက်၌ မသက်ဖွယ်မီးရောင်များ တွေ့ရှိရသဖြင့် သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ နိုဝင်ဘာလ ၂၈ ရက်၊ ယနေ့နံနက် ၂ နာရီ ၅၀ မိနစ်ခန့်တွင် ထိုင်းနိုင်ငံသား အမျိုးသား ၅၅ ဦး၊ အမျိုးသမီး ၂၀ ဦးကို လည်းကောင်း၊ နံနက် ၃ နာရီ ၁၅ မိနစ်ခန့်တွင် ထိုင်းနိုင်ငံသား အမျိုးသား ၅၃ ဦး၊ အမျိုးသမီး ၂၅ ဦးကို လည်းကောင်း၊ နံနက် ၃ နာရီ ၅၀ မိနစ်ခန့်တွင် ထိုင်းနိုင်ငံသား အမျိုးသား ၆၂ ဦး၊ အမျိုးသမီး ၂၂ ဦးကိုလည်းကောင်း စုစုပေါင်း ထိုင်းနိုင်ငံသား အမျိုးသား ၁၃၀ ဦး၊ အမျိုးသမီး ၆၇ ဦး စုစုပေါင်း ၂၃၇ ဦးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၁၀၀





ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့် တရားမဝင်လောင်းကစားမှုကျူးလွန်သူ ထိုင်းနိုင်ငံသား အမျိုးသား ၁၇၀၊ အမျိုးသမီး ၆၇ ဦးအား ထပ်မံဖမ်းဆီးရမိစဉ်။



ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက်အတွင်းရှိ Myawaddy Complex လောင်းကစားရုံနေရာတွင် သိမ်းဆည်းရမိသည့် လောင်းကစားခုံများကို တွေ့ရစဉ်။



ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက်အတွင်းရှိ Grand Myawaddy Hotel နေရာတွင် သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက်အတွင်းရှိ Myawaddy Complex လောင်းကစားရုံနေရာတွင် သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

လယ်ဝေး နိုဝင်ဘာ ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥယျာဉ်စုကျေးရွာအုပ်စု၊ ဂုံးတောင်ကျေးရွာ၌ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှတာဝန်ရှိသူများက အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများမှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများ ဖြစ်ပေါ်လာနိုင်သည့် အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေကို ကြိုတင်စုဆောင်းထားရှိရန်နှင့် ရှောင်ကြဉ်ရန် အချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ထမ်းများက တက်ရောက်လာသော ဒေသခံပြည်သူများအား အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

နော်လူး

အသက်သည် သွေး သွေးသည် အသက်

မိသားစုနှင့်အတူ စာဖတ်ကြစို့

Family Reading Day ဆောင်ရွက်

တောင်တွင်းကြီး နိုဝင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ မိသားစုနှင့်အတူ Family Reading Day စာဖတ်ကြစို့ ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က မိသားစုနှင့်အတူ စာဖတ်ကြစို့ အစီအစဉ်၌ ကျောင်းသားလူငယ်များနှင့် မိဘများ ကိုယ်တိုင်ယခုလို စာကြည့်တိုက်သို့ လာရောက်ကာ စာကြည့်တိုက် အသင်းဝင်၍ စာအုပ်များ ငှားရမ်းဖတ်ရှုကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

နောင်နောင်(ဒီဿနိုး)

--*-*-*-*

တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မိုင်းယောင်း နိုဝင်ဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို နိုဝင်ဘာ ၂၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်၊ မြို့နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်း စီစစ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွတ်တော်ကိုယ်စားလှယ်များ၊တာဝန်ရှိသူများသည် ၂၀၂၇-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မူလွန်(ခိုက်)ကျောင်း၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ ဝန်ထမ်းအိမ်ရာ၊ နှမ်ပွန်းကျောင်း၊ ဟောင်ကွေ့ဆည်၊ ပါမန်းတံတား၊ ဝမ်ဖြိုတံတားနှင့် မိုင်းခွန်ရေပေးရေးလုပ်ငန်းတို့အား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

o-o-o-o-o

အမှားသိခေါ်ရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၉)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၆)၊ ဦးပိုင်အမှတ်(၂၈)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိသည့် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး(၁)ထပ် အဆောက်အဦ+ဝင်းခြံတံတိုင်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်စပ်လျဉ်းပြီး မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၁၉၇၀/၂၀၂၆)အရ (၂၆-၆-၂၀၂၆)ရက်က ကျွန်တော် ဦးသန့်ဇင်(ဘ)ဦးစိန်(၁၂/လသန(နိုင်)၀၁၀၄၄၉)မှ လက်ရှိလက်ရောက် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါ မြေကွက်၊ အဆောက်အဦတို့နှင့် စပ်လျဉ်းပြီး ကျွန်တော်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ရောင်းချရန်ကတိပြု၍ စရန်ငွေလက်ခံရယူထားခြင်း၊ အခြားနည်းတစ်နည်းနည်းဖြင့် လွဲပြောင်းထားခြင်းများ မရှိကြောင်းနှင့် ကျွန်တော် ဦးသန့်ဇင်၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမပါရှိဘဲ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ရောင်းချရန် ကတိပြု၍ စရန်ငွေလက်ခံရယူထားခြင်း၊ အခြားနည်းတစ်နည်းနည်းဖြင့် လွဲပြောင်းထားခြင်းတို့ ဆောင်ရွက်သူများရှိခဲ့ပါက တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန့်ဇင်(ဘ)ဦးစိန်
(၁၂/လသန(နိုင်)၀၁၀၄၄၉)
၆၈(စီ)လမ်း၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၅၁၁၅၅၃၄

အမှားသိခေါ်ရန် ကြေညာခြင်း

ဦးထွေးအောင်သန်း(ဘ)ဦးခင်မောင်သန်း(၁၄/ကပန(နိုင်)၁၁၀၀၈၇) သိစေရန် အကြောင်းကြားအပ်ပါသည်။ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၂)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးထွေးအောင်သန်း ဂရန်အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါ မြေကွက်ကို လူကြီးမင်းထံမှ ကျွန်တော် ဦးနိုင်ဦး(ဘ)ဦးကျန်ရှောဟော်(၁၃/နခန(နိုင်) ၀၇၄၄၅၆)ကိုင်ဆောင်သူမှ ဝယ်ယူပိုင်ဆိုင်၍ ယနေ့အရှိန်ထိ ဖေအိမ်ဆောက် လုပ်၍ နေထိုင်လျက်ရှိပါသည်။ လူကြီးမင်းနှင့် ကျွန်တော်တို့ အရောင်းအဝယ် စာချုပ် ချုပ်ဆိုရှိန်က ကတိပြုခဲ့သည့်အပေါ် မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၂)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ တရားဝင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ရန် ဝယ်ယူသူမှ ဖေါ်ယူသည့်အခါ အချိန်အခါမရွေး လိုက်ပါဆောင်ရွက်ပေးပါမည်ဟု ဆိုသည့်အတိုင်း လူကြီးမင်း ကိုယ်တိုင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို သက်ဆိုင်ရာ မှတ်ပုံတင်ရုံး၌ လိုက်လံ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးနိုင်ပါရန်အတွက် ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ချုပ်ဆိုပေးနိုင်ပါရန် အသိပေးအပ်ပါသည်။သတ်မှတ်ရက်အတွင်း လာရောက်ဆောင်ရွက်ပေးခြင်းမရှိပါက သက်ဆိုင်ရာ မှတ်ပုံတင် စာချုပ်ရုံး၌ ဥပဒေနှင့်အညီ ချုပ်ဆိုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်သူ
ဦးနိုင်ဦး(ဘ)ဦးကျန်ရှောဟော်(၁၃/နခန(နိုင်)၀၇၄၄၅၆)
မြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

လွှဲအပ်ရန်ကြားဝင်ရောက်အရေး-
ဒေါ်သူစောင်း (LL.B)
အထက်တန်းရွှေနေ(စဉ်-၅၄၀၂၁)
ရုံးမြေသာစည်မြို့နယ်၊ မန္တလေးမြို့။

အမှားသိခေါ်ရန် ကြေညာခြင်း

ဦးသန်းဝင်း(ဘ)ဦးဗိုးခွေး(၉/မထလ(နိုင်)၀၈၁၆၈) (၄င်း၏ ကိုယ်စားလှယ်စာရသူ ဒေါ်ရွှေရင်(ဘ)ဦးကျန်ရင်ဝုံး)သိစေရန် အကြောင်းကြား အပ်ပါသည်။ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ရ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၂၅)၊ ဦးပိုင်အမှတ်(၇၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးသန်းဝင်း ဂရန်အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါ မြေကွက်ကို လူကြီးမင်းထံမှ ကျွန်တော် ဒေါ်ဆိုင်းခေါ်ဒ်(၁၃/ဟပတ(နိုင်)၀၁၀၆၁၃)ကိုင်ဆောင်သူမှ ဝယ်ယူပိုင်ဆိုင်၍ ယနေ့အရှိန်ထိ ဖေအိမ်ဆောက်လုပ်၍ နေထိုင်လျက်ရှိပါသည်။ လူကြီးမင်းနှင့် ကျွန်တော်တို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရှိန်က ကတိပြုခဲ့သည့်အပေါ် မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ရ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၂၅)၊ ဦးပိုင်အမှတ်(၇၉)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ လိုက်ပါဆောင်ရွက်ပေးပါမည်ဟု ဆိုသည့်အတိုင်း လူကြီးမင်းကိုယ်တိုင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို သက်ဆိုင်ရာ မှတ်ပုံတင်ရုံး၌ လိုက်လံ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးနိုင်ပါရန်အတွက် ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ချုပ်ဆိုပေးပါရန် အသိပေးအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ဆောင်ရွက်ပေးခြင်းမရှိပါက သက်ဆိုင်ရာ မှတ်ပုံတင် စာချုပ်ရုံး၌ ဥပဒေနှင့်အညီ ချုပ်ဆိုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်သူ
ဒေါ်ဆိုင်းခေါ်ဒ်(ဘ)ဦးထွန်းကြိုင်
(၁၃/ဟပတ(နိုင်)၀၁၀၆၁၃)
မြည်ကြီးတံခွန်မြို့နယ်၊
မန္တလေးမြို့။

လွှဲအပ်ရန်ကြားဝင်ရောက်အရေး-
ဒေါ်သူစောင်း (LL.B)
အထက်တန်းရွှေနေ(စဉ်-၅၄၀၂၁)
ရုံးမြေသာစည်မြို့နယ်၊ မန္တလေးမြို့။

အမှားသိခေါ်ရန် ကြေညာခြင်း

ဦးမြင့်ဦး(ဘ)ဦးဘငြိမ်း(၁၂/မဂဒ(နိုင်)၀၁၆၈၂၂) (၄င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်ခင်ခွာညို(ဘ) ဦးဗိုလ်မြ(၁၂/ သဃက(နိုင်)၁၁၅၃၃၇)တို့ သိစေရန် အကြောင်းကြားအပ်ပါသည်။

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(နန-၅၅)၊ ဦးပိုင်အမှတ် (၆၉+၇၂)၊ ဧရိယာ(၀ ဒသမ ၁၂၄)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ခုမှုကြီး မင်းခိုင် အမည်ဖြင့် ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ကို အထူးကိုယ်စားလှယ်စာအမှတ် ၂၆၇၈/၂၀၀၂ ဖြင့် အထူးကိုယ် စားလှယ်စာရသူ ဒေါ်ခင်ခွာညို ထံမှ ကျွန်မ ဒေါ်ငုပါခိုင်မှ ဝယ်ယူပိုင်ဆိုင်၍ နေအိမ်ဆောက်လုပ်ကာ ယနေ့ အချိန်ထိ နေထိုင်လျက်ရှိပါသည်။ အထူးကိုယ်စား လှယ်စာရသူ ဒေါ်ခင်ခွာညိုနှင့် ကျွန်မ ဒေါ်ငုပါခိုင်တို့ အရောင်း အဝယ်စာချုပ် ချုပ်ဆိုစဉ်က ကတိကဝတ်ပြုခဲ့သည့်အတိုင်း မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(နန-၅၅)၊ ဦးပိုင်အမှတ်(၆၉+၇၂)၊ ဧရိယာ(၀ ဒသမ ၁၂၄)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန်အတွက် ဝယ်ယူသူမှ ဖေါ်ယူသော်အခါ အချိန်မရွေး လိုက်ပါဆောင်ရွက်ပေးပါမည်ဟု ဆိုသည့်အတိုင်း လူကြီးမင်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်ခင်ခွာညိုဖြစ်စေ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို သက်ဆိုင်ရာ မှတ်ပုံတင်ရုံး၌ လိုက်လံဆောင်ရွက်ချုပ်ဆိုပေးနိုင်ရန်အတွက် သတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ချုပ်ဆိုပေးပါရန် အသိပေးအပ်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ချုပ်ဆိုဆောင်ရွက်ပေးခြင်းမရှိပါက သက်ဆိုင်ရာ မှတ်ပုံတင်စာချုပ် စာတမ်းရုံး၌ ဥပဒေနှင့်အညီ ချုပ်ဆိုနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်သူ
ဒေါ်ငုပါခိုင်(ဘ)ဦးမောင်မောင်သန်း
(၉/ပကဇ(နိုင်)၀၆၁၀၃၆)
မြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သူစောင်း (LL.B)
အထက်တန်းရွှေနေ
မြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၇၉၇၇၁၄၄၂

သမီးအဖြစ်မှ အမွေပြတ်ခွန်ကျတိခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ ဓနုံကျေးရွာနေ (ဘ)ဦးဝင်းခိုင်(၉/အမရ(နိုင်) ၁၀၄၂၃၈)၊ (အမိ) ဒေါ်နွယ်နွယ်အေး(၉/နထဂ(နိုင်)၁၄၀၆၁၃၄)တို့၏ သမီးဖြစ်သူ မဝင်းသူနွယ် (၉/အမရ(နိုင်)၁၆၁၇၇၃)သည် မိဘ၏ ဆိုဆဲးမမှုကို နာခံမှုမရှိဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကို အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် သမီးဖြစ်သူ မဝင်းသူနွယ်နှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ ငွေကြေးအပြုပ် အရှင်းတစ်စုံတစ်ရာကိုမျှ လုံး၀၊ လုံး၀ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် မိဘများဖြစ်ကြသည့် ဦးဝင်းခိုင်၊ ဒေါ်နွယ်နွယ်အေးတို့၏ မိသားစုကိစ္စများ၊ မိသားစုပိုင်ပစ္စည်း များနှင့်လည်း မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း မဝင်းသူနွယ်နှင့်တကွ အများသိရှိ စေရန် ကြေညာအပ်ပါသည်။

ဦးဝင်းခိုင်+ဒေါ်နွယ်နွယ်အေး
ဓနုံကျေးရွာ

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။

ဂရန်မြေကြော်ငြာစာ ကနဉ့်ကွက်လို့ပါက ခိုင်လုံသော အဆောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားစွဲခံကရိယာဖြင့် (၁၄)ရက်အတွင်း ကနဉ့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ	လျှောက်ထားသည့်မြေ					လျှောက်ထားသည့်	အမှတ်တွဲအမှတ်
	အမည်/မှတ်ပုံတင်	လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	အကြောင်းအရာ	
၁။	ဒေါ်နုမိုးမိုး(၉/မရမ(နိုင်)၀၅၅၅၀၄)	အင်းလမ်းမကြီးပေါ်၊ လမ်း၆နှင့်မြို့ထိလမ်းကြား၊ ဝေါ်းသွား	ဒေါ်နုမိုးမိုး	အောင်မြေသာစံ	၄၀၇	၀၅-၁၈	ဦးဝိုင်ဒွိကျန်	ခ/မဂ/၂၀၂၆-၂၀၂၇
၂။	ဒေါ်ဝိုင်မြဲ(၆/စကန(နိုင်)၀၃၄၂၂၂)	၁၂လမ်းနှင့် ၁၃လမ်းကြား၊ ရာလမ်း၄၄ရပ် လမ်းကြား၊ မြင်ကြီးကုန်လုံ	ဒေါ်ဝိုင်မြဲ	အောင်မြေသာစံ	၄၀၆-S	၂၂-၈	သက်တမ်းတိုး၊ အမည်ပြောင်း	ခ/မဂ/၂၀၂၆-၂၀၂၇
၃။	ဒေါ်သင်းထွယ်(၆/ကဘလ(နိုင်)၁၃၂၂၆)	အင်းလမ်းမကြီးပေါ်၊ လမ်း၆နှင့်မြို့ထိလမ်းကြား၊ ဝေါ်းသွား	ဒေါ်အိုက်ကြင်း	အောင်မြေသာစံ	၄၀၇	၀၇-၈/၁၂	အမည်ပြောင်း	ခ/မဂ/၂၀၂၆-၂၀၂၇
၄။	ဒေါ်သင်းထွယ်(၆/ကဘလ(နိုင်)၁၃၂၂၆)	အင်းလမ်းမကြီးပေါ်၊ လမ်း၆နှင့်မြို့ထိလမ်းကြား၊ ဝေါ်းသွား	ဒေါ်အိုက်ကြင်း	အောင်မြေသာစံ	၄၀၇	၀၇-၈/၁၃	အမည်ပြောင်း	ခ/မဂ/၂၀၂၆-၂၀၂၇
၅။	ဦးကိုကိုသက်(၉/မနမ(နိုင်)၀၆၁၂၈၇)၊ ဒေါ်လဲလဲညို(၉/ပဖန(နိုင်)၀၀၀၇၀)	၁၉လမ်းနှင့် ၂၂လမ်းကြား၊ ၆၄လမ်းနှင့်မြို့ထိလမ်းကြား၊ အိပ်ဝေါ်	ဒေါ်သောင်းမိုးမိုး-၃	အောင်မြေသာစံ	၄၀၇	၉၀-၈/၆	အမည်ပြောင်း	ခ/မဂ/၂၀၂၆-၂၀၂၇
၆။	ဦးမြင့်ထက်(၉/ပသက(နိုင်)၀၀၈၇၃)	၃၂လမ်းနှင့် ၃၃လမ်းကြား၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ကန်ကောက်	အိုးရာ	ချမ်းအေးသာစံ	၆၃၃/၂	(၃၉-၁)၁၈၀	ဂရန်သစ်၊ ဦးဝိုင်ဒွိ	ခ/မဂ/၂၀၂၆-၂၀၂၇
၇။	ဒေါ်မြသန်း(၉/ပသက(နိုင်)၀၀၈၆၆)၊ ဒေါ်နီလာသူဇင်(၉/ပသက(နိုင်)၀၀၈၆၄)၊ ဒေါ်ဝင်းမ(၉/ပသက(နိုင်)၀၀၉၅၅)	၃၃လမ်းနှင့် ၃၄လမ်းကြား၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ကန်ကောက်	အိုးရာ	ချမ်းအေးသာစံ	၆၃၃/၂	၆၃	ဂရန်သစ်	ခ/မဂ/၂၀၂၆-၂၀၂၇
၈။	ဒု-ဗိုလ်မှူးကြီး ဟော်ဝင်း(၁၃/သပန(နိုင်)၀၀၆၆၃)	၃၃လမ်းနှင့် ၃၄လမ်းကြား၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ မြင်ကြီးမှတ်ရွာ	ဒေါ်နန်းသန်းမြင့်-၂	ချမ်းအေးသာစံ	၄၀၉/၁	၃-ဆ	အမည်ပြောင်း	ခ/မဂ/၂၀၂၆-၂၀၂၇
၉။	ဒေါ်ဝိုင်ဦးမာ(၉/မရတ(နိုင်)၀၇၆၅၅)၊ ဒေါ်ဝုတြည်(၉/မရတ(နိုင်)၀၇၆၅၇)	၆၇၀၆၀၆၀၇၀၈၀၉၀၁၀၂၀၃၀၄၀၅

အမှားသိခေါရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၆)၊ ဦးပိုင်နံပါတ်(၂၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ကော အကျယ်အဝန်းရှိ ခေါ်ငှါဦး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းဦး(ဘ)ဦးလှဟန်(၉/မနတ(နိုင်)၀၄၅၅၃၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဒိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ | **ခေါ်ဆိုဆီမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

ခေါ်ယုသဇင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ | **ဦးဖြိုးသာခန့် (LL.B)** အထက်တန်းရှေ့နေ | **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ | **ခေါ်သဲမိမိထွန်း (LL.B)** အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆ဂလမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၄၄၄၊ ၀၉-၄၀၂၅၉၅၀၂

အမှားသိခေါရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၃၆)၊ ဦးပိုင်နံပါတ်(၁၁၇+၁၁၈+၁၁၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ကော အကျယ်အဝန်းစီရှိ ခေါ်ကြည်ဆင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်များအနက် ဦးပိုင်နံပါတ်(၁၁၉)၊ မြေဧရိယာ(၀ ဒသမ ၀၂၇၅)ကော၊ ပေ(၃၀ × ၄၀)၏ အနောက်ဘက်မြစ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ခေါ်ကြည်မြင့်ရီ(ဘ)ဦးဘရှင်(၁၃/သဃန(နိုင်)၀၂၈၂၉၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဒိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ | **ခေါ်ဆိုဆီမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

ခေါ်ယုသဇင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ | **ခေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ | **ခေါ်မောလာမိုး (LL.B)** အထက်တန်းရှေ့နေ | **ခေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆ဂလမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၄၄၄၊ ၀၉-၄၀၂၅၉၅၀၂၊ ၀၉-၄၄၄၀၆၅၄၆

အမှားသိခေါရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၃၃)၊ ဦးပိုင်နံပါတ်(၈၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ကော၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ခေါ်သန်းသန်းအေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ခေါ်ကြည်ကြည်မိုင်(ဘ)ဦးထွန်းတင်(၅/ရည်နန(နိုင်)၀၀၂၀၆၆)[၄င်း၏ကိုယ်စား သားဖြစ်သူ ဦးအောင်ကျော်ဇင်(ဘ)ဦးဗိုလ်ဌေး(၅/ရည်နန(နိုင်)၀၇၅၀၆၇)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဒိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ | **ခေါ်ဆိုဆီမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

ခေါ်ယုသဇင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ | **ခေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ | **ခေါ်မောလာမိုး (LL.B)** အထက်တန်းရှေ့နေ | **ခေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆ဂလမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၄၄၄၊ ၀၉-၄၀၂၅၉၅၀၂၊ ၀၉-၄၄၄၀၆၅၄၆

အမှားသိခေါရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၁၇)၊ ဦးပိုင်နံပါတ်(၄၉-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧကာ၊ (ပေ ၃၀ × ၄၅ ပေ) အကျယ်အဝန်းရှိ ဦးသိန်းမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း (၁၅ ပေ × ၄၅ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ခေါ်နွေးဝတ်မုံထိုက်(ဘ)ဦးသောင်းထိုက်(၁၂/ဥကတ(နိုင်)၁၈၅၆၂၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင်လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဒိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ-

ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ | **ခေါ်ဆိုဆီမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

ခေါ်ယုသဇင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ | **ဦးဖြိုးသာခန့် (LL.B)** အထက်တန်းရှေ့နေ | **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ | **ခေါ်သဲမိမိထွန်း (LL.B)** အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆ဂလမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၄၄၄၊ ၀၉-၄၀၂၅၉၅၀၂၊ ၀၉-၄၄၄၀၆၅၄၆

ပျောက်ဆုံးကြောင်း

ခေါ်လီကျင်ကော့(ဘ)ဦးလီးဆိပွ(၁၃/ကခန(နိုင်)၀၃၅၃၀၄) ကိုင်ဆောင်သူ၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ခေါ်လီကျင်ကော့

Ph; 09-676040202

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၆၀-၁၀)၊ ဦးပိုင်အမှတ်(၆၁-၁)၊ ၄၇လမ်းနှင့် ၄၈လမ်းကြား၊ ၁၀၀လမ်းနှင့် ၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခေါ်မြင့်မြင့်အေး(ပါ-၅)ဦးအနက် ခေါ်မြင့်မြင့်အေး(၉/မရမ(နိုင်)၀၄၉၇၂၉)၊ ခေါ်လွင်လွင်အေး(၉/မရမ(နိုင်)၀၄၈၉၆၂)၊ ဦးထွန်းအောင်ကျော်(၉/မရမ(နိုင်)၀၈၆၀၆၂)၊ ခေါ်ယဉ်ယဉ်မြင့်(၉/မရမ(နိုင်)၀၈၆၀၆၁)တို့၏ အထွေထွေကိုယ်စားလှယ်လွဲစာအမှတ်(၅၁၇၀/၂၀၂၃)ဖြင့် လွဲအပ်ခြင်းခံရသူ ဦးဝင်းမောင်လတ်(၉/ကဆန(နိုင်)၀၉၃၀၂)ကလည်း ကောင်း၊ ဦးနေမျိုးအေး(၉/မရမ(နိုင်)၀၉၂၆၂၁)၏ အထွေထွေကိုယ်စားလှယ်လွဲစာအမှတ်(၁၅၃၉/၂၀၁၃)ဖြင့် လွဲအပ်ခြင်းခံရသူ ခေါ်ယဉ်ယဉ်မြင့်(၉/မရမ(နိုင်)၀၈၆၀၆၁)ကလည်းကောင်း ဂရန်စာချုပ်တင်ပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာခင်း ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဒိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြမီမံကိန်းနှင့် မြေမီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

အမှားသိခေါရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(၈-၁၈)၊ ဦးပိုင်နံပါတ်(၂၈-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၁၇)ဧကာ အကျယ်အဝန်းရှိ ခေါ်ချိုသက်ခိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ခေါ်ငွေးအိအိလှိုင် (ဘ)ဦးတက်တိုး(၉/မဟမ(နိုင်)၀၀၆၈၅၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဒိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ခေါ်အေးစုထွန်း(LL.B, LL.M, DBL) တရားလွှတ်တော်ရှေ့နေ | **ခေါ်မာမာဌေး(LL.B)** တရားလွှတ်တော်ရှေ့နေ

၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၄၀၂၆၀၆၄၁၊ ၀၉-၄၀၂၆၇၀၄၄၇

အမှားသိခေါရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၀-၂၀)၊ ဦးပိုင်နံပါတ်(၁၇-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၇)ဧကာ၊ ပေ(၂၀ × ၃၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးသန်းနိုင်(ဘ)ဦးထွန်းလင်း(၉/မနတ(နိုင်)၀၁၄၃၃၄) အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၃)တပ် (ရေ+မီး အပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ခေါ်အိအိမိုး(ဘ)ဦးမောင်လေး(၉/မရတ(နိုင်)၀၈၅၈၅၆)ကိုင်ဆောင်သူထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဒိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနေဇော်ဦး (LL.B)

(တရားလွှတ်တော်ရှေ့နေ)

(၅၈-၄)၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၈၅၉၁၀

အမှားသိခေါရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅-S)၊ (ယခင်) ဦးပိုင်အမှတ်(၁၆-က)၊ (ယခု) ဦးပိုင်အမှတ်(၁၆-အ/၈)အတွင်းမှ ဧရိယာ ပေ(၂၀ × ၈၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး(၂)ထပ် အဆောက်အဦး၊ ရေ+မီး အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ကာ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ခေါ်ခင်မြင့်(ဘ)ဦးရာစိန်(၉/မရမ(နိုင်)၀၇၂၀၀၆) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ခေါ်သန္တာအောင်(LL.B, D.B.L, D.I.L) ခေါ်ခင်မာဝင်း(LL.B)

တရားလွှတ်တော်ရှေ့နေများ

၇၆လမ်းနှင့် ၁၀၆လမ်းအနီး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၄၀၂၇၄၆၃၆၃၊ ၀၉-၉၇၈၀၀၃၆၃၀၀

အမှားသိခေါရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၈၄လမ်း၊ ၃၅လမ်းနှင့် ၃၆လမ်းကြားနေ ခေါ်အုဉ(ဘ)ဦးတင်ထွန်း (၉/မရတ(နိုင်)၁၁၅၃၅၆)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ခေါ်အုသည် ဦးကျော်သူထွန်း(ဘ)ဦးချစ်ထွန်း(၉/မထလ(နိုင်)၂၂၀၂၀၅)ကိုင်ဆောင်သူနှင့် (၂၆-၁၁-၂၀၂၆)ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲသည့်ရက်မှစ၍ ဦးကျော်သူထွန်းနှင့် ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး စသည့်ကိစ္စအရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေ ခေါ်အုနှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါရက်မှစ၍ တစ်ဦးနှင့်တစ်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စရပ်များ၊ ငွေကြေးဆိုင်ရာကိစ္စရပ်များ၊ အကြွေးအရွယ်အရှင်းများနှင့် အခြားလူမှုရေးကိစ္စရပ်များတွင် မိမိနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ခေါ်အု(ဘ)ဦးတင်ထွန်း
(၉/မရတ(နိုင်)၁၁၅၃၅၆)
၈၄လမ်း၊ ၃၅လမ်းနှင့် ၃၆လမ်းကြား၊
မဟာအောင်မြေမြို့နယ်၊
မန္တလေးမြို့။

လွှဲအပ်ညွှန်ကြားချက်အရ-
ခေါ်စိုးသီရိဝင်း(LL.B)
တရားလွှတ်တော်ရှေ့နေ
(၈၃-၁၉၅၁ ၂)(၂၇-၁၁-၂၀၂၄)
၇၁လမ်း၊ ၃၆(A)လမ်း၊ ရွှေငုဝါလမ်းသွယ်။
Ph; 09-975015555, 09-444025690

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(၈၄-ဂ)၊ ဦးပိုင်အမှတ်(၆၀)ခဲစင်းမြောက်ဘက်ခြမ်း၊ ၆ဂုလမ်းနှင့် ၆၈လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဒေါ်တင်တင်မြ၊ ဒေါ်သန်းသန်းဆွေတို့ (၂)ဦးအနက် ဒေါ်တင်တင်မြကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၈၄၁/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သူ ဒေါ်သန်းသန်းဆွေ(၉/မရမ(နိုင်)၀၂၉၄၄၄)က အမှတ္တဘမှတ်(၀၂၅၈/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

